# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ သောကြာနေ့၊ အတွဲ(၄၂)၊ အမှတ်(၄၃)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုအစဉ်အလာကောင်းများ ပြန်လည်ဖော်ထုတ်ပေးရန်လိုအပ်နေပြီ

# အနာဂတ်ကံကြမ္မာအနောင်အဖွဲ့ကင်းကင်းတည်ဆောက်နိုင်ရေးနှင့်သူတစ်ပါးသြဇာပေးစွက်ဖက်မှုကင်းရေး

# မျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာပိုင်စိုးမှု ထိန်းသိမ်းကာကွယ်စောင့်ရှောက်

**ရန်ကုန် နိုဝင်ဘာ ၁၁**

၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✡





၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေး တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## တစ်သွေးတည်း တစ်သံတည်း စုစုစည်းစည်း ပူးပေါင်းပါဝင်

မကြာမီကျင်းပတော့မည့် (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများကျင်းပရာ၌ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတို့၏တန်ဖိုးနှင့် အနှစ်သာရကို မျိုးဆက်သစ်လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူများအားလုံး သိမြင်ခံစားနားလည်စေပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိန်းသိမ်းစောင့်ရှောက်ရေးကို ရေရှည်အာမခံနိုင်မည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင် ပြည့်မြောက်ရေးအတွက် တစ်သွေးတည်း တစ်သံတည်း စုစုစည်းစည်း ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်လာစေရေးအတွက် အမျိုးသားရေးအဓိပ္ပာယ် ပြည့်ပြည့်ဝဝဖြင့် စီစဉ်ကျင်းပသွားနိုင်စေရေး စီမံဆောင်ရွက်။

## နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို အခြေခံပညာ အဆင့်နှင့် အဆင့်မြင့်ပညာအဆင့်ဟူ၍ နှစ်တန်းခွဲခြားပြီး ကျင်းပပေးမည်ဖြစ်ကြောင်း နှစ်(၆၀)ပြည့် တပ်မတော်နေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီက သတင်းထုတ်ပြန်ထားပြီး ဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

# နိုင်ငံတော်နှင့်ပြည်သူ ပူးပေါင်းလက်တွဲ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံရှိ ၅၃ သန်းကျော်သော လူဦးရေအနက် ၇၀ ရာခိုင်နှုန်းသည် ကျေးလက်များတွင် နေထိုင်ကြပြီး စိုက်ပျိုးရေး လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် သီးနှံစိုက်ဧရိယာ စုစုပေါင်း ဧက ၄၁ ဒသမ ၃၂သန်းရှိရာ ကျေးလက်နေ တောင်သူ လယ်သမားများသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို အဓိကအားပြု၍ ကြိုးပမ်းလုပ်ကိုင်လျက်ရှိကြသည်။

ထိုသို့ လုပ်ကိုင်နိုင်ရန်အတွက် သဘာဝသယံဇာတများကို အစွမ်းကုန်အသုံးပြုခြင်း၊ အဆင့်မြင့် အထွက်တိုး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ မိရိုးဖလာ စိုက်ပျိုးရေးမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းခြင်း စသည်တို့ကို နိုင်ငံတော်က ရည်မှန်းချက်ချမှတ်ပြီး စီမံအကောင်အထည်ဖော်ပေးလျက် ရှိသည်။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်ရေကို ပိုမိုသုံးစွဲနိုင်ရန် ရေပေးဝေမှုစီမံကိန်း အမျိုးမျိုးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၁၉၈၈-၈၉ ခုနှစ်မှစ၍ ယနေ့အထိ နိုင်ငံတော်က ဆည်တမံနှင့် ရေထိန်းတံခါး စုစုပေါင်း၁၆၇ခုနှင့် မြစ်ရေတင်စခန်းပေါင်း ၂၆၅ခုကို တည်ဆောက်ပေးခဲ့သည်။

ယင်းကဲ့သို့ စိုက်ပျိုးရေ ပိုမိုရရှိအောင် စနစ်တကျ စီမံဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် မြေလွတ် မြေရိုင်း ဧက ငါးသန်းကျော်ကို ပြန်လည်စိုက်ပျိုးနိုင်ပြီ ဖြစ်သည်။ နွေစပါးအစီအစဉ် စတင်ခဲ့သည့် ၁၉၉၂-၉၃ ခုနှစ်မှစပြီး ဆန်စပါးကို နိုင်ငံတော်၏ ရည်မှန်းချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ တစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစားအထိ တိုးချဲ့၍ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီ ဖြစ်သည်။

နိုင်ငံတော်က စိုက်ပျိုးရေရရှိရေး အလေးထားဆောင်ရွက်ပေးမှုကြောင့် စိုက်ပျိုးသီးနှံ အထွက်တိုးစေရုံ သာမက ရာသီဥတုနှင့် ရေမြေအခြေအနေ ပြောင်းလဲလာခဲ့ပြီး ဒေသများ စိမ်းလန်းစိုပြည်လာခဲ့သည်။ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ပူပြင်းခြောက်သွေ့သည့်ဒေသများတွင် ၁၉၉၄ခုနှစ်မှ စတင်၍ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်း စီမံကိန်းဆောင်ရွက်စေခဲ့ရာ ယခုအခါ ၁၃ ခရိုင်အထိ စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်၏ လူဦးရေအများစု နေထိုင်အသက်မွေးဝမ်းကျောင်းပြုရာ ကျေးလက်ဒေသ များ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းစဉ်ကြီးငါးရပ်ကို ၂၀၀၂ခုနှစ်မှ စတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်နေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားရေးအပြင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အပါအဝင် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရန်လိုအပ်သည့် ရေနှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် သောက်သုံးရေ ရရှိရေးလုပ်ငန်းများကိုပါ စနစ်တကျ စီမံချက်ချမှတ်၍ ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများပူးပေါင်း လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့်အားပေးမှု၊ အထောက်အကူပြုမှု အခြေအနေကောင်းများ ဖန်တီးပေးနေချိန်တွင် ဒေသခံပြည်သူများက ဖန်တီးပေးထား သော အခြေအနေကောင်းများကို ထိထိရောက်ရောက်အသုံးချပြီး ဒေသဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်နှင့် လက်တွဲ၍ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၁၂-၁၁-၂၀၀၄ (သောကြာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၀ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Nature of Philosophical Problems (တတိယနှစ်၊ ဒဿနိကအထူးပြု)
- ၅:၃၅ ၁၀။ ပညာခေတ်
- ၅:၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက် ချစ်တယ်"**(အပိုင်း-၁၃)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြန်မာ့ရှုခင်း
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်ဓား"** (အပိုင်း-၂၂)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာနိုင်ငံပြန်တမ်း

**ရန်ကုန် နိုဝင်ဘာ ၁၁**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေး ဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာခင်မောင်မြင့်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (က) ဦးအေးမောက် အထွေထွေမန်နေဂျာ(စီမံကိန်း) မြန်မာ့ကြွေထည်မြေထည် လုပ်ငန်း(ရုံးချုပ်) အမှတ်(၁)စက်မှုဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့အထွေထွေနှင့်ပြုပြင် ထိန်းသိမ်းရေးစက်မှုလုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန |
| (ခ) ဦးမြင့်သိန်း ဒုတိယညွှန်ကြားရေးမှူးချုပ် မြေတိုင်းဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် မြေတိုင်းဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |

## ဘုံကထိန်လှူသက်နှင်း ဆက်ကပ်လှူဒါန်းမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့ နယ် ၁၆/၃ ရပ်ကွက် ဓမ္မာရုံလမ်းရှိ ငါးကျမ်းပြန်(ထားဝယ်) သာသနာ့ ရိပ်သာ၏ (၃၂)ကြိမ်မြောက် စုပေါင်း ဘုံကထိန်လှူသက်နှင်းဆက်ကပ်လှူဒါန်း ပွဲကို နိုဝင်ဘာ ၂၆ရက်(သောကြာနေ့) နံနက်ဂနာရီခွဲတွင် ကျင်းပမည်ဖြစ် သည်။ အလှူရှင်များအနေဖြင့် သင်္ကန်း ဒွိစုံတစ်စုံလျှင် ကျပ် ၂၀၀၀နှုန်းဖြင့် လည်းကောင်း၊ ဆွမ်းအလှူတစ်ပါးလျှင် ကျပ် ၅၀၀နှုန်းဖြင့်လည်းကောင်း၊ ဖုန်း-၅၇၁၃၁၂ သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းနှိုးဆော်ထားသည်။ ဖိတ်စာ မရရှိသေးသော ဓမ္မမိတ်ဆွေများသည် အဆိုပါနေ့ရက်တွင် ရိပ်သာသို့ လာ ရောက်၍ ကထိန်အနုမောဒနာ တရား နာယူကြရန် ကထိန်ဖြစ်မြောက် ရေးအဖွဲ့က ဖိတ်ကြားနှိုးဆော်ထား ကြောင်း သိရသည်။ **(က-ပ)**

## ကမ္ဘာ့ဇသာသနာ့ဗိမာန်တည်ဆောက်ရေး ပါဝင်လှူဒါန်းနိုင်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်အရပ်ရပ်မှ အလှူရှင်များနှင့် ရန်ကုန်ရောက် ပြည်နယ်သူ ပြည်နယ်သားများ၏ ဒါနအားကြောင့် ကမ္ဘာ့ဇသာသနာ့ဗိမာန်၏ တိုးချဲ့လေးထပ်ဆောင်အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ ပြီးမြောက်တော့မည် ဖြစ်သည်။

ယခုအခါ အပြီးသတ်အချောကိုင် လုပ်ငန်းများ၊ ကြမ်းခင်းခြင်းလုပ်ငန်းများသာကျန်ရှိတော့ရာ ကမ္ဘာ့ဇသာသနာ့ ဗိမာန်ကြီး လျင်မြန်စွာ အပြီးသတ်နိုင်ရေးအတွက် သဒ္ဓါတရားထက်သန်လှသော ပြည်နယ်သူ ပြည်နယ်သားများ ကိုယ်စီကိုယ်ငှ ဒါနပြု ကုသိုလ်ပါဝင်နိုင်ရေးအတွက် ဖုန်း-၃၈၁၄၃၉၊ ၀၉-၈၀-၂၀၈၇၆၊ ၂၂၇၃၅၈၊ ၀၉-၈၀-၂၃၂၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း တည်ဆောက်ရေးကော်မတီက နှိုးဆော်ထားသည်။ **(က-ပ)**



**နိုဝင်ဘာ ၁၀ ရက်က သာကေတ မြို့နယ် ၄/မြောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအေးလှသိန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (က-ပ)

## ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ တရားပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ(ဒလ-အံကြီး)က ကိုယ်တွေ့ဉာဏ်မြင် ဟောပြောပို့ချမည်ဖြစ်ရာ နိုဝင်ဘာ ၁၅ရက်မှ ၂၁ ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီအထိ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ကျန်းမာရေး စီမံကိန်းဦးစီးရုံးနှင့် မျက်နှာချင်းဆိုင်ရှိ ပညာရာမိက မဟာ(အေ)တိုက်ရှိ ရတနာရုံသီမွှာရုံတွင် လည်းကောင်း၊ ဒီဇင်ဘာ ၁ရက်မှ ၇ ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီအထိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံတွင်လည်းကောင်း ကျင်းပမည်ဖြစ်ရာ မည်သူမဆို လာရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

✡ **ရှေ့ဖုံးမှ**

အစည်းအဝေးသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသည့် အစည်းအဝေးမှာ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများကို နိုင်ငံတော်တစ်ဝန်းလုံးတွင် အစဉ်အလာမပျက် အနှစ်သာရရှိရှိ အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြမည့် အစည်းအဝေးဖြစ်ကြောင်း။

**အချုပ်အခြာအာဏာပိုင်နိုင်ငံ**

**'လွတ်လပ်ရေး'**ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အခြေခံအကျဆုံးသော ဂုဏ်အင်္ဂါတစ်ရပ်ဖြစ်ကြောင်း၊ မိမိနိုင်ငံ မိမိလူမျိုး နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါနှင့် ရင်ပေါင်တန်းရပ်တည်နိုင်စေရေးမှာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ပီပီသသဖြစ်တည်နေရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံတော်ကြီးသည် နှစ်ပေါင်းထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက် တိုင်းရင်းသားလူမျိုးများအားလုံး ညီညီညွတ်ညွတ်ပေါင်းစည်းနေထိုင်ခဲ့ကြပြီး ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းစိုက်ထူနိုင်ခဲ့သည့် သမိုင်းအစဉ် အလာကြီးမားသော နိုင်ငံတော်ကြီး ဖြစ်ကြောင်း။

**လက်တွဲတွန်းလှန်**

တိုင်းတစ်ပါးရန်စွယ် အန္တရာယ်နှင့် တွေ့ကြုံရတိုင်း၌လည်း တိုင်းရင်းသား လူမျိုးများအားလုံးတို့သည် စုစုစည်းစည်း ညီညီညွတ်ညွတ် လက်တွဲကာကွယ်တွန်းလှန်ခဲ့ကြသည့် အစဉ်အလာရှိကြောင်း။

ကောက်ကျစ် စဉ်းလဲသကဲ့သို့ ပရိယာယ်ဝေဝုစ်များလှသည့် ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုကြောင့် သာလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားပြီး တိုင်းတစ်ပါးလက်အောက် ကျွန်ဘဝရောက်ခဲ့ရခြင်းဖြစ်ကြောင်း။

သို့သော်လည်း တိုင်းရင်းသားပြည်သူများအားလုံး အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြင်းပြစွာဖြင့် စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ခဲ့ကြသည့်အတွက် အဖိုးအနဂ္ဃထိုက်တန်သည့် မြန်မာ့လွတ်လပ်ရေးကို ပြန်လည် ရရှိခဲ့ခြင်းဖြစ်ကြောင်း။

**လူငယ်များသိအောင်ပြသ**

ထိုကဲ့သို့ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းကြောင်း သင်ခန်းစာများကို လွတ်လပ်ရေးနေ့ အခမ်းအနားကြီးများတွင် ယနေ့မျိုးဆက်သစ်လူငယ်များ သိမြင်နားလည်သဘောပေါက်အောင် ဖော်ထုတ်ပြသကြရမှာ ဖြစ်ကြောင်း။

ယခုအချိန်အခါတွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဩဇာပေးခြယ်လှယ်စွက်ဖက်လိုသည့် ကိုလိုနီနယ်ချဲ့ လက်သစ်တို့၏ ပရိယာယ်ဝေဝုစ်များလှသော သွေးထိုးသပ်လျှိုမှု၊ မြှောက်ပင့်သွေးဆောင် ဖြားယောင်းမှု အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း။

**မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု**

ထို့ကြောင့် ကိုလိုနီနယ်ချဲ့၏ အန္တရာယ်ရန်စွယ်ကို ပြည်သူအများ



**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၅ ခုနှစ် (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။**
**(သတင်းစဉ်)**

အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲတွန်းလှန်ခဲ့ကြသည့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုအစဉ်အလာကောင်းများကို ပြန်လည်ဖော်ထုတ်ပေးကြရန် လိုအပ်နေပြီဖြစ်ကြောင်း။

မိမိနိုင်ငံ မိမိလူမျိုးများ၏ အနာဂတ်ကံကြမ္မာကို အနှောင်အဖွဲ့ကင်းကင်းဖြင့် မိမိတို့ဘာသာ ရွေးချယ်တည်ဆောက်နိုင်စေရေးနှင့် အမျိုးသားရေးအကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံးလမ်းကြောင်းမှန်ပေါ်တွင် သူတစ်ပါးဩဇာပေး စွက်ဖက်မှု ကင်းရှင်းစွာဖြင့် တည့်တည့်မတ်မတ် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်စေရေးအတွက် လွတ်လပ်ရေးရော အချုပ်အခြာ အာဏာပိုင်စိုးမှုပါ ပီပီပြင်ပြင်ဖြစ်ထွန်းနေရန် လိုအပ်ကြောင်း။

လွတ်လပ်ရေးမဆုံးရှုံးသော်လည်း တိုင်းတစ်ပါးကြိုးဆွဲရာ လိုက်ပါရမည်ဆိုလျှင်၊ သူတစ်ပါးဩဇာလောင်းရိပ်၌ ကျရောက်နေမည်ဆိုလျှင် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်မှာ မဟုတ်ကြောင်း။

**အချုပ်အခြာအာဏာပိုင်စိုးမှု**

ထို့ကြောင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် ခွဲခြားမရနိုင်သည့် နိုင်ငံတော်အတွက် မရှိမဖြစ်သော ဂုဏ်အင်္ဂါများဖြစ်သည်နှင့်အညီ တိုင်းရင်းသား ပြည်သူများအားလုံးက အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အခြေခံဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်စိုးမှုတို့ကို ယှဉ်တွဲထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရမှာ ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပိုင်စိုးမှုနှင့်တကွ ပြည်ထောင်စုကြီးတစ်ရပ်လုံး ရာသက်တိုင် တည်တံ့ခိုင်မြဲစေရေးအတွက် ရေရှည်အာမခံနိုင်စေရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

**အမျိုးသားရေးအဓိပ္ပာယ်ပြည့်ဝ**

ထို့ကြောင့် မကြာမီကျင်းပတော့မည့် (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများ ကျင်းပရာ၌ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတို့၏ တန်ဖိုးနှင့် အနှစ်သာရကို မျိုးဆက်သစ်လူငယ်များ အပါအဝင် တိုင်းရင်းသား ပြည်သူများအားလုံး သိမြင်ခံစား နားလည်စေပြီး လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ ထိန်းသိမ်းစောင့်ရှောက်ရေးကို ရေရှည်အာမခံနိုင်မည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင် ပြည့်မြောက်ရေးအတွက် တစ်သွေးတည်း တစ်သံတည်း စုစုစည်းစည်း ညီညီညွတ်ညွတ် ပူးပေါင်း ပါဝင်လာစေရေးအတွက် အမျိုးသားရေးအဓိပ္ပာယ် ပြည့်ပြည့်ဝဝဖြင့် စီစဉ်ကျင်းပသွားနိုင်စေရေး စီမံဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်က ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးအတွက် ဆပ်ကော်မတီများ ဖွဲ့စည်း၍ တာဝန်ပေးအပ်ထားမှုအခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး၊ လွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲ ကျင်းပရေး၊ လုံခြုံရေး၊ ပြန်ကြားရေး၊ စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲကျင်းပရေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာပြုစုရေး၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြခန်းခင်းကျင်းပြသရေး၊ ဖျော်ဖြေရေး၊ ကျန်းမာရေးနှင့် အားကစားပြိုင်ပွဲများကျင်းပရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍ အလိုက် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

* **ရှေ့ဖုံးမှ**

အခြေခံအဆင့်ပြိုင်ပွဲတွင် (၈၊၉၊၁၀) တန်း ကျောင်းသား ကျောင်းသူများအတွက်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် တက္ကသိုလ် ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများမှ ကျောင်းသားကျောင်းသူများအတွက်လည်းကောင်း ဖြေဆိုနိုင်ရန်သတ်မှတ်ထားသည်။ ကြိုတင်လေ့လာရန် စာအုပ်စာတမ်းများမှာ အခြေခံပညာအဆင့်အတွက် တပ်မတော်သမိုင်းအတွဲ(၁)မှ အတွဲ(၄)အထိနှင့် အဆင့်မြင့်ပညာအဆင့်အတွက် တပ်မတော်သမိုင်းအတွဲ(၅)မှ အတွဲ(၈) အထိ သတ်မှတ်ထားသည်။ နှစ်ဆင့်စလုံးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည့် **'ဖွံ့ဖြိုးဝေစည် မြန်မာပြည်'** စာအုပ်နှင့် ၂၀၀၄ ခုနှစ်အတွင်း ပြသပြီး ပြသမည့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များအနက် စစ်ချီတေး၊ စစ်ရေးတေးသီချင်းများ၊ တိုင်းကျိုးပြည်ပြုတေးများ၊ ဓာတ်လမ်းများ၊ သတင်းမှတ်တမ်းများနှင့် ပညာပေးအစီအစဉ်များကို ကြိုတင်လေ့လာထားကြရန် လိုအပ်ကြောင်း၊ ပြည်နယ်၊တိုင်းနှင့် ကျောင်းအလိုက် အရွေးခံရပြီး ဗဟိုအဆင့် ရန်ကုန်မြို့သို့ လာရောက်ဖြေဆိုကြသော ကျောင်းသားကျောင်းသူများအတွက် နေ့တွက်နှင့် ခရီးစရိတ်များ ထုတ်ပေးမည်ဖြစ်ပြီး ဆုရရှိသူများကိုလည်း ၂၀၀၅ ခုနှစ် တပ်မတော်နေ့ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုကြေးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဗဟိုအဆင့်ပြိုင်ပွဲများကို ၂၀၀၅ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်သည်တော်ကျင့်ဝတ်နှင့်ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(လေ)စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယမန်နေ့နံနက် ၈နာရီခွဲတွင် မင်္ဂလာဒုံတပ်နယ်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးများဖြစ်ကြသော ဗိုလ်မှူးချုပ်သိန်းမြင့်၊ဗိုလ်မှူးချုပ်ရဲချစ်ဖေနှင့် လေတပ်စခန်းဌာနချုပ် လေတပ်စခန်း အုပ်၊တပ်များမှ အုပ်မှူး၊တပ်မှူးများ၊ အရာရှိ၊ စစ်သည်များ၊ စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ နှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ပြိုင်ပွဲကို အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား၊အဆင့်လေးဆင့်ခွဲ ခြားကာ လေတပ်စခန်းဌာနချုပ် လေတပ်စခန်း အုပ်၊ တပ်များမှ အရာရှိ၊ စစ်သည် ၂၀၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို နိုဝင်ဘာ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၅၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကြိုတင်ပင့်လျှောက်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပိဋကသုံးပုံ သံဃာတော်များ စောင့်ရှောက်ရေး တိပိဋကဓမ္မရက္ခိတအဖွဲ့တည်ရှိရာ အမှတ် ၁၅ ကြားတောရလမ်း ဗဟန်းမြို့နယ်၌ ယခုနှစ် ကျင်းပမည့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ဖြေဆိုတော်မူကြမည့် တိုင်းနှင့်ပြည်နယ် အသီးသီးမှ စာပြန် စာဖြေ သံဃာတော်များကို ၂၇-၁၁-၂၀၀၄မှ ၃၀-၁-၂၀၀၅ ရက်အထိ ကြွရောက်ပါရန် ပင့်လျှောက်လွှာများ ပေးပို့ထားပြီးဖြစ်သော်လည်း ကြိုတင်ပင့်လျှောက်လွှာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အဖွဲ့တည်ရှိရာသို့ ကြွရောက် သီတင်းသုံးရန် ပင့်လျှောက်ထားသည်။

**ဆက်သွယ်လှူဒါန်း**

(၅၇)ကြိမ်မြောက် စာပြန်စာဖြေ သံဃာတော်များ တစ်နေ့တာဆွမ်းဆက်ကပ်နိုင်ရေးအတွက် ဆွမ်းအလှူရှင်များအနေဖြင့် တိပိဋကဓမ္မရက္ခိတအဖွဲ့ ဖုန်း- ၂၄၈၂၂၄၊၃၈၂၁၁၁ တို့သို့ ကြိုတင်စာရင်းပေးသွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။
**(က-ပ)**

# နဝင်းစာသင်တိုက် မဟာဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်း မအူပင်မြို့ (၁၁) ရပ်ကွက် ပြုံးချိုလေးလမ်း နဝင်းစာသင်တိုက်တွင် မြတ်ဗုဒ္ဓ၏ ပရိယတ္တိဓမ္မကို သင်ကြားအားထုတ်ကုန်သော စာချ၊ စာသင် သံဃာတော် ၇၂ ပါးတို့အား ရန်ကုန်နဝင်းဆေးတိုက် မိသားစုကကြီးမှူး၍ ဒုတိယအကြိမ်မြောက် ကထိန်လျာသင်္ကန်းကို နိုဝင်ဘာ ၂၁ ရက်(တနင်္ဂနွေနေ့)တွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာ ဦးငွေစိုး နဝင်းဆေးတိုက် ဖုန်း-၅၅၇၇၄၂ နှင့် ၂၅၂၀၁၄ တို့သို့ ဆက်သွယ် လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# အောင်ရာမြေ ပရိယတ္တိစာသင်တိုက်ကထိန်နှင့် သိမ်ရေစက်ချပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် (ဆ/ခ) ရပ်ကွက် မေခအိမ်ရာ အောင်ရာမြေ ပရိယတ္တိစာသင်တိုက်၌ တစ်နှစ်အတွင်း တည်ဆောက် ပြီးစီးခဲ့သော ဘုံခုနစ်ဆင့်ပါ ဥပရိပါသာဒ ခဏ္ဍာသိမ်တော်ကြီး ရေစက်ချပွဲ၊ ပဋ္ဌာန်းပွဲ၊ စတုဒိသာကျွေးမွေးပွဲတို့ကို နိုဝင်ဘာ၂၃ ရက်မှ၂၅ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပပြီး နိုဝင်ဘာ ၂၆ ရက်တွင် ကျောင်းတိုက်၏ (၃၇)နှစ်မြောက် မဟာဘုံကထိန်ပွဲတော်ကို ကျင်းပမည်ဖြစ်သည်။

ကျောင်းတိုက် ပဓာန နာယကဆရာတော်(အမ်းချင်း သာသနာပြုဆရာတော်ကြီး) ဘဒ္ဒန္တ ဝရာလင်္ကာရ အမှူးပြုသော သံဃာတော် ၁၀၈ ပါးတို့အား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းကြမည်ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ၊ ဒါယကာ ဒါယိကာမများ ဖုန်း-၅၇၃၃၄၇ သို့ ဆက်သွယ်ကြရန်နှင့် အလှူရှင်များ စာရင်းရှင်းတမ်းစာအုပ်များ ထုတ်ယူကြရန် ကျောင်းဒါယကာများအဖွဲ့က အကြောင်းကြားထားကြောင်း သိရသည်။ **(က-ပ)**

# ဟင်္သာတအသင်း(ရန်ကုန်) ကထိန်သင်္ကန်းဆက်ကပ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ဟင်္သာတအသင်း (ရန်ကုန်) က ကြီးမှူး၍ ရန်ကုန်မြို့နေ ဟင်္သာတအသင်း နာယက ဦးတင်ညွန့်-ဒေါ်အေးကြွယ်၊ (သား) ကပ္ပတိန်မင်းဆွေ-ဒေါ်အေးအေးသန်း မိသားစုတို့က မတည်လှူဒါန်းသည့် ဟင်္သာတအသင်း (၅)ကြိမ်မြောက် ကထိန်အလှူတော်မင်္ဂလာကို ဟင်္သာတမြို့ အမတဒါယီကျောင်းတိုက်၌ နိုဝင်ဘာ ၂၆ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများသည် ဟင်္သာတအသင်း အမှတ် ၁၈၄/၁၈၆၊ ၄၅လမ်း၊ ရန်ကုန်သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ ဗဟိုရုံးခန်းတွင် ဒေါက်တာစိုးလွင်-ဒေါ်ယဉ်မြ၊ သမီး မသူဇာလွင်၊ သား စိုးသူရ၊ စိုးသီဟ၊ ဒေါက်တာ စိုးသုခ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးသို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ဖနောင်ပင်ရှိ လေယာဉ်ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရန်
# ထိုင်းလေကြောင်း ငါးနှစ်သက်တမ်းလိုင်စင်ရရှိ

ဖနောင်ပင် နိုဝင်ဘာ ၁၀

**ထိုင်းလေကြောင်းသည် ဖနောင်ပင်နှင့်စီအမ်ရီ နိုင်ငံတကာလေဆိပ်များတွင် လေယာဉ်ပြုပြင်ထိန်းသိမ်းရေး ဝန်ဆောင်လုပ်ငန်းများ ဆောင်ရွက်ရန် ငါးနှစ်သက်တမ်းလိုင်စင်ရရှိကြောင်း ဒေသသတင်းစာတစ်စောင်က အင်္ဂါနေ့တွင် ဖော်ပြသည်။**

ထိုင်းနိုင်ငံတကာလေကြောင်းကုမ္ပဏီသည် ပြင်သစ်ပိုင် အက်စ်စီအေ လေကြောင်းအဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် လေယာဉ်များကို နည်းပညာပိုင်းစစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အပိုပစ္စည်းများ ထောက်ပံ့ခြင်းကဲ့သို့သော ဝန်ဆောင်လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဒေးလီးက ဖော်ပြသည်။

**အကူအညီပေးမည်**

အဆိုပါသဘောတူညီမှုအရ အလယ်အလတ်ခရီးပျံသန်းသော လေယာဉ်များကို လေဆိပ်များက ဖြည့်စွမ်းဆောင်ရွက်ရာတွင် အကူအညီပေးမည်ဖြစ်ပြီး အနာဂတ်တွင် အလားအလာရှိသော လေကြောင်းလိုင်းကုမ္ပဏီများကိုလည်း အကူအညီပေးသွားမည်ဖြစ်ကြောင်း အက်စ်စီအေ အမှုဆောင်အကြီးအကဲ ဂျင်ဖရင်ကော့၏ ပြောကြားချက်ကို သတင်းစာက ကိုးကားဖော်ပြသည်။

**မကြာမီဆောင်ရွက်**

ကုမ္ပဏီသည် ကမ္ဘာတွင် ကျော်ကြားသည့် အန်ကောဝပ်ကျောင်းတော်ရှိရာ စီအမ်ရီတွင်ဆင့်လန်အဲယားလေကြောင်းကို မကြာမီ စတင်ဆောင်ရွက်မည်ဖြစ်သည်။ ဇန်နဝါရီလတွင်ထိုင်းလေကြောင်းသည် ဖနောင်ပင် နိုင်ငံတကာလေဆိပ်သို့ပျံသန်းသည့် နိုင်ငံတကာလေကြောင်းလိုင်း၁၄ခုအနက် ရှစ်ခုကို လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ **အမ်အင်အေ၊ ဆင်ဟွာ**






**အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့၌ လက်ဝတ်ရတနာအရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်ရောင်းချနေသည်ကို နိုဝင်ဘာ၉ရက်က တွေ့ရစဉ်။** (အိန္ဒိယနှင့် အင်ဒိုနီးရှားကုန်သည်များသည် ယင်းတို့၏ ပွဲတော်ကာလမတိုင်မီ လက်ဝတ်ရတနာပစ္စည်းများ ထုတ်လုပ်ရောင်းချမှုမှာ အရောင်းတွင်ကျယ်လျက်ရှိကြောင်း သိရသည်။)
**(ဓာတ်ပုံ-အင်တာနက်)**

# ရေနက်ကွင်းဒေသများ ဖွံ့ဖြိုးတိုးတက်ရန် ပီဆိုငွေ ဘီလီယံ၁၀၀ ဖိလစ်ပိုင်သုံးစွဲမည်

မနီလာ နိုဝင်ဘာ ၁၀

**ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာကာပါဂါးလ်အာရိုယို၏ အစည်းအဝေးအစီအစဉ်တွင် ဟက်တာ ၂သန်းရှိ ရေနက်ကွင်းလယ်ယာမြေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လာမည့်ခြောက်နှစ်တာကာလတွင် အနည်းဆုံး ပီဆိုငွေဘီလီယံ၁၀၀ (အမေရိကန်ဒေါ်လာ၁ ဒသမ ၈ဘီလီယံ) ခွဲဝေသုံးစွဲသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရက အင်္ဂါနေ့တွင် ကြေညာလိုက်သည်။**

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ထုတ်ပြန်သော အဆိုပါကြေညာချက်တွင် မြေရိုင်းများ၊ ကမ်းလွန်ကျွန်းများ၊ ရေထိပ်ပိုင်းဒေသများတွင် မွေးမြူရေးလုပ်ကိုင်ရန်နှင့် တန်ဖိုးမြင့်သီးနှံအဖြစ် အုန်းပင်များ စိုက်ပျိုးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**ရင်းနှီးမြှုပ်နှံ**

အဆိုပါ စိုက်ပျိုးမြေဟက်တာ သုံးသိန်းနီးပါးကို ၂၀၀၅ ခုနှစ်တွင် ပီဆို ၂၀ဘီလီယံရင်းနှီးမြှုပ်နှံကာ အလုပ်အကိုင် သန်းဝက်ခန့်ဖြစ်ပေါ်စေရန် ဆောင်ရွက်လုပ်ကိုင်စေမည်ဖြစ်ကြောင်း အာရိုယိုက ပြောကြားသည်။

**ဆောင်ရွက်မည်**

ယင်းစိုက်ပျိုးမြေများ၌ ယခုနှစ်တွင် ဆောင်ရွက်လုပ်ကိုင်မည့်လုပ်ငန်းများမှာ ငါးမွေးမြူရေးအတွက် ၂၃ ဒသမ ၃ ဟက်တာ၊ ကြံသီးနှံအတွက် ဟက်တာ ၄၀၀၊ မွေးမြူရေးအတွက် ဟက်တာ ၁၀၀၊ ပြောင်းစိုက်ပျိုးရန်အတွက် ၃၇၅ ဟက်တာနှင့် အုန်းစိုက်ရန် ဟက်တာ ၇၀၀၀ အသီးသီးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက ပြောကြားသည်။

အဆိုပါ အစီအစဉ်အတွက် လိုအပ်သောပီဆိုငွေဘီလီယံ၁၀၀သည် အခြားသော စိုက်ပျိုးမွေးမြူရေးကဏ္ဍများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဒေသဆိုင်ရာ အစိုးရဌာနများ၊ အုန်းလုပ်ငန်းရင်းနှီးမြှုပ်နှံမှုများတွင်လည်း သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# ကမ္ဘာ့ဒုတိယအကြီးဆုံး စိန်ပြုပြင်ထုတ်လုပ်မှု တရုတ်နိုင်ငံ ဖြစ်လာ

**ပေကျင်း နိုဝင်ဘာ ၁၀**

နှစ်စဉ် ကာရက်သုံးသန်းကျော် သို့မဟုတ် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ တန်ဖိုးရှိ စိန်တင်ပို့ခြင်းဖြင့် တရုတ်ပြည်သည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး စိန်ပြုပြင်စီရင်ထုတ်လုပ်ရာ အခြေခံစခန်းကြီး ဖြစ်လာကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်ရေး၏ ကုန်သွယ်ရေးဌာနအရာရှိ ကျိူ့ကျန်ကန်က ပြောကြားသည်။

**အများဆုံးသုံးစွဲ**

ထိုအတောအတွင်း စိန်ပြုပြင်စီရင်ထုတ်လုပ်မှု နည်းပညာတွင် ပြီးပြည့်စုံကာ တရုတ်ပြည်၏ လူနေမှုအဆင့်အတန်းသည် တိုးတက်လာခြင်းနှင့်အတူ အာရှ၌ တရုတ်ပြည်သည် စိန်အများဆုံးသုံးစွဲသည့် နိုင်ငံဖြစ်လာပြီး ကမ္ဘာပေါ်တွင် ပဉ္စမမြောက် စိန်အများဆုံးသုံးစွဲသည့် နိုင်ငံဖြစ်လာကြောင်း မစ္စတာကျိူ့၏ ပြောကြားချက်ကို ပေကျင်းယုသ်ဒေးလီးက ကိုးကားဖော်ပြသည်။

တရုတ်ပြည်မကြီးတွင် ၂၀၀၃ ခုနှစ်၌ စိန်အရောင်းတန်ဖိုးသည် ယွမ် ၁၉ ဒသမ ၆ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ဒသမ ၃၇ဘီလီယံ)အထိရှိကြောင်း မစ္စတာကျိူ့က ပြောကြားသည်။

**ဖော်ပြထား**

တရုတ်ပြည်သည် ၂၀၀၃ ခုနှစ်တွင် စိန်ရိုင်းကာရက် ၁၁ ဒသမ ၄၄ သန်း တင်သွင်းခဲ့ပြီး ယင်းကာလအတွင်း အမေရိကန်ဒေါ်လာ ၈၀၃သန်း တန်ဖိုးရှိသော ပြုပြင်စီရင်ထားသည့် စိန် ၃ ဒသမ ၃ သန်း တင်ပို့ခဲ့ကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးဌာန၏ စာရင်းဇယားများ၌ ဖော်ပြထားသည်။ ၂၀၀၄ခုနှစ် ပထမကိုးလတွင် ပြုပြင်စီရင်ထားသော တင်ပို့မှုတန်ဖိုးသည် (အမေရိကန်ဒေါ်လာ ၇၈၈ သန်း)အထိ ရှိခဲ့သည်။ တစ်နှစ်လုံးအတွက် ကြိုတင်ရောင်းချထားသည့် စိန်တင်ပို့မှုတန်ဖိုးသည် ဒေါ်လာတစ်ဘီလီယံကျော်သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

# ပါလက်စတိုင်းခေါင်းဆောင်ယာဆာအာရာဖတ်ကွယ်လွန်

**ပါရီ နိုဝင်ဘာ ၁၁**

ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်သည် ပါရီစစ်ဆေးရုံတွင် ကွယ်လွန်သွားပြီဟု တရားဝင် ကြေညာလိုက်ကြောင်း အယ်ဂျာဇီးရား အာရပ်ရုပ်မြင်သံကြားဌာနက ကြာသပတေးနေ့၌ သတင်းကြေညာလိုက်သည်။

**မေ့မျော**

မစ္စတာအာရာဖတ်(၇၅)နှစ်မှာ နာမကျန်းဖြစ်၍ အောက်တိုဘာ ၂၉ရက်က အနောက်ဘက်ကမ်းခြေဒေသမှ ပြင်သစ်နိုင်ငံဆေးရုံသို့ လေယာဉ်ဖြင့် သယ်ဆောင်ယူခဲ့ပြီးနောက် အင်္ဂါနေ့က ဦးနှောက်သွေးယိုမှု ဝေဒနာခံစားရကာ ဆေးရုံ၌မေ့မျောနေခဲ့သည်။

**မြှုပ်နှံသင်္ဂြိုဟ်**

ကိုင်ရို၌ စျာပနအခမ်းအနားပြုလုပ်ပြီး အနောက်ဘက်ကမ်းခြေဒေသရှိ ကွယ်လွန်သူအာရာဖတ်၏ဌာနချုပ်ဝင်းအတွင်းတွင် မြှုပ်နှံသင်္ဂြိုဟ်ရန် ဗုဒ္ဓဟူးနေ့က အစီအစဉ်များအမြန်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ **အမ်အင်အေ၊ ရိုက်တာ**

# အေပက်ထိပ်သီးအစည်းအဝေး
# လာဘ်စားမှုပြဿနာ
# ကိုင်တွယ်ဖြေရှင်းမည်

**မနီလာ နိုဝင်ဘာ ၉**

နိုဝင်ဘာလ ၂၀-၂၁ ရက်တွင် ချီလီနိုင်ငံ ဆန်တီယာဂို၌ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်)ထိပ်သီးအစည်းအဝေးအတွင်း ဖိလစ်ပိုင်သမ္မတ ဂလိုရီယာ မာကာပါဂါးလ်အာရိုယိုနှင့် အခြားကမ္ဘာ့ခေါင်းဆောင်များသည် ပထမအကြိမ်အဖြစ် လာဘ်စားမှုပြဿနာကို ဖြေရှင်းကြမည်ဖြစ်သည်။

**ဖော်ပြ**

လွန်ခဲ့သည့်လက ချီလီနိုင်ငံ၏ မြို့တော်၌ တွေ့ဆုံဆွေးနွေးခဲ့စဉ်အတွင်း ဒေသလာဘ်စားမှု တိုက်ဖျက်ရေးကျွမ်းကျင်သူများက ကြိုတင်ပြင်ဆင်ထားသော လာဘ်စားမှုနှင့်နွယ်သည့် အကြောင်းအရာ ထောက်ခံချက်များကို အေပက်ခေါင်းဆောင်များက ဆွေးနွေးကြမည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးရာဝန်ကြီး အယ်လ်ဘာတိုရိုမူလို၏ ပြောကြားချက်ကို ဖိလစ်ပိုင်စတားသတင်းစာက ကိုးကားဖော်ပြသည်။

ကျွမ်းကျင်သူများသည် လာဘ်စားမှုတိုက်ဖျက်ရေးအတွက် ပြည်တွင်းဆောင်ရွက်မှုလုပ်ငန်းများနှင့် အေပက်အဖွဲ့ဝင်နိုင်ငံများအတွင်း ပိုမိုသံသယကင်းရေးလုပ်ငန်းများကို အကြမ်းဖျင်းတင်ပြထားကြောင်း ရိုမူလိုက ပြောကြားသည်။ အေပက်အဖွဲ့ထူထောင်သည့် အဖွဲ့ဝင်နိုင်ငံဖြစ်သော ဖိလစ်ပိုင်သည် ဒေသဆိုင်ရာအဖွဲ့၏ လာဘ်စားမှုတိုက်ဖျက်ရေးများတွင် ထောက်ခံမှုပေးခဲ့ကြောင်း ရိုမူလိုက ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# မန်ဟက်တန်သူ အမျိုးသမီးကြီး အသက် ၅၆နှစ်တွင် အမြွှာပူးမွေး

**နယူးယောက် နိုဝင်ဘာ ၁၀**

မန်ဟက်တန်မှ အမျိုးသမီးတစ်ဦးသည် သူမ၏ ၅၇နှစ်မြောက် မွေးနေ့မတိုင်မီ အမြွှာပူးကလေး မွေးဖွားပေးခဲ့ကြောင်း အေပီသတင်းတစ်ရပ်၌ ဖော်ပြသည်။

သူမသည် အမေရိကန်ပြည်ထောင်စုတွင် အသက်အကြီးဆုံး အမြွှာပူးမွေးသည့် အမျိုးသမီးကြီးဟု ယုံကြည်ထားသည်။ အဆိုပါအမြွှာပူး ကလေးငယ်များမှာ မိန်းခလေးတစ်ဦး၊ ယောက်ျားလေးတစ်ဦးဖြစ်ပြီး မောင့်စီနိုင်း ဆေးကုသရေးဌာနက မွေးဖွားပေးခဲ့ကြောင်း သိရသည်။ ယင်း အမြွှာပူးကလေးငယ်များအား ဖရန်ဆက်ကာနှင့် ဂျီယန်ဟု အမည်ပေးထားပြီး တစ်မိနစ်ခြား မွေးဖွားခဲ့ခြင်းဖြစ်သည်။

ကလေးငယ်များမှာ ကျန်းမာရေး အခြေအနေကောင်းမွန်ကြောင်း ယင်းတို့ကို မွေးဖွားပေးသူ ဒေါက်တာ ဂျိုနသန်အက်စ်ချားက ပြောကြားသည်။ **အမ်အင်အေ၊ အေပီ**



**တရုတ်နိုင်ငံ ပေကျင်းမြို့၌ အဆောက်အအုံတစ်ခု တည်ဆောက်လျက်ရှိသည်ကို နိုဝင်ဘာ ၁၀ ရက်က တွေ့ရစဉ်။** (တရုတ်နိုင်ငံ၏ စီးပွားရေးသည် စက်တင်ဘာလတွင် ၁၆ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု သိရသည်။)
**(ဓာတ်ပုံ-အင်တာနက်)**




# ဖော်လူဂျာ၌ ကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင်များ တိုက်ပွဲဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင် ၁၀ဦးနှင့် အီရတ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဝါရှင်တန် နိုဝင်ဘာ ၁၀

**ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင်ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားရာတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၀ဦးနှင့် အီရတ်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က အင်္ဂါနေ့တွင် ပြောကြားသည်။**

ထိုသို့ အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ ထိန်းချုပ်ထားသည့် ဖော်လူဂျာမြို့တွင် တိုက်ခိုက်မှုများ ဖြစ်ပွားနေသော်လည်း အီရတ်လက်နက်ကိုင်ခုခံရေးသမားတို့၏ ခေါင်းဆောင်များမှာ လွတ်မြောက်နေဆဲဖြစ်ကြောင်းလည်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အီရတ်နိုင်ငံတွင် အပြင်းထန်ဆုံးခုခံတိုက်ခိုက်မှု ဖြစ်ပွားနေသည့် ဖော်လူဂျာမြို့ကို ထိန်းချုပ်နိုင်ရန် အမေရိကန်တပ်ဖွဲ့ဝင်များက ပိုမိုဖိအားပေး တိုက်ခိုက်လျက်ရှိကြောင်း၊ နေ့စဉ်၊ နေ့တိုင်း စစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်နေကြောင်း၊ မြို့ပေါ်တိုက်ပွဲများ ရက်ပိုမိုကြာမြင့်စွာ ဖြစ်ပွားနေမည်ဟု ထင်ကြောင်း အမေရိကန်စစ်ဘက် အရာရှိတစ်ဦးက ပြောကြားသည်။ ဖော်လူဂျာမြို့တွင် တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၀ဦးနှင့် အီရတ်တပ်ဖွဲ့ဝင် နှစ်ဦး တနင်္လာနေ့က သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက် အရာရှိများက ပြောကြားသည်။

အီရတ်ကို အမေရိကန်နှင့် အပေါင်းပါတို့ ပြီးခဲ့သည့် ၂၀၀၃ခုနှစ် မတ်လက စတင်ကျူးကျော်ခဲ့ချိန်မှ စတင်ကာ သေဆုံးသည့်အမေရိကန်တပ်ဖွဲ့ဝင်များမှာ ယခုအခါ ၁၁၄၉ ဦးရှိပြီဖြစ်ကြောင်းလည်း ပြောကြားသည်။

ဖော်လူဂျာမြို့တွင် ယခုကဲ့သို့ တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် ဒေသခံ ပြည်သူ ၃၀၀၀၀၀ခန့် မြို့ကို စွန့်ခွာထွက်ပြေးခဲ့ကြရကြောင်းလည်း အမေရိကန်စစ်ဘက် အရာရှိကြီးတစ်ဦးဖြစ်သူ သောမတ်မက်ဇ်က ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

## အီရတ်နိုင်ငံ အခြေအနေ အမြန်ဆုံးတည်ငြိမ်လာရန် တရုတ်နိုင်ငံ မျှော်လင့်

ပေကျင်း နိုဝင်ဘာ ၁၀

**အီရတ်တွင် အခြေအနေအမြန်ဆုံး ပြန်တည်ငြိမ်လာမည်ဟု တရုတ်နိုင်ငံက မျှော်လင့်ကြောင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများသည် စီစဉ်ထားသည့်အတိုင်း ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် အခြေအနေများ ပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရအမျိုးသမီး ကျန်ကျီယုက ပေကျင်း၌ အင်္ဂါနေ့က ပြောကြားသည်။**

### မျှော်လင့်

ပုံမှန်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အီရတ်၌ အပြစ်မဲ့အရပ်သားများ သေဆုံးရခြင်းအတွက် စိုးရိမ်ရကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးပေးရန် သက်ဆိုင်ရာအဖွဲ့အစည်းများကို တိုက်တွန်းကြောင်း၊ အီရတ်ပြည်သူများ၏ ဘဝငြိမ်းချမ်းပြီး တည်ငြိမ်မှုရရှိမည်ဟု မျှော်လင့်ကြောင်း သူမက ပြောကြားသည်။

### ရွေးချယ်

အီဂျစ်နိုင်ငံ ရှမ်အယ်လ်ရှိခ် ပင်လယ်အပန်းဖြေစခန်း၌ နိုဝင်ဘာ၂၂ရက်နှင့် ၂၃ရက်တွင် ကျင်းပမည့် အီရတ်ဆိုင်ရာ နိုင်ငံတကာညီလာခံနှင့် ပတ်သက်၍ ထိုအစည်းအဝေးသို့ ကုလသမဂ္ဂဆိုင်ရာ တရုတ် အမြဲတမ်းကိုယ်စားလှယ်ကိုစေလွှတ်ရန် တရုတ်အစိုးရက သတ်မှတ် ရွေးချယ်ထားကြောင်း ကျန်ကျီယုက ပြောကြားသည်။

### တွန်းအားပေး

အဆိုပါ ညီလာခံသည် အဖွဲ့အစည်း အမျိုးမျိုး၏ တညီတညွတ်တည်းထောက်ခံသဘောတူညီချက်ရရေးအထောက်အကူပြုမည်ဖြစ်ပြီး အီရတ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်ကို ရှေ့သို့ တွန်းအားပေးနိုင်မည်ဟု တရုတ်နိုင်ငံက မျှော်လင့်ကြောင်းလည်း ကျန်ကျီယုက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## နိုဝင်ဘာ၁၀ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၄၉ဦး ရှိသွားပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၁

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက်ရှိကြသည်။**

### တိုက်ပွဲ၌သေဆုံး

နိုဝင်ဘာ ၁၀ရက် ဗုဒ္ဓဟူးနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၁၄၉ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈၇၇ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ဦး၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒိုရ်၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၀၁၁ ဦးဖြစ်ပြီး ယင်းအနက်၇၆၈ဦးမှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာကပြောကြားသည်။ **(အင်တာနက်)**



### ရှာဖွေစစ်ဆေး

**ဘဂ္ဂဒက်တွင် အီရတ်တို့အား ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို နိုဝင်ဘာ ၉ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## အီရတ်၌ ဖိလစ်ပိုင်စားစာခံလွတ်မြောက်ရေး အထောက်အကူပေးသွားမည်ဟု ဘာရိန်းဝန်ကြီးချုပ် ပြောကြား

မနီလာ နိုဝင်ဘာ ၁၀

**အီရတ်တွင် ဖမ်းဆီးခံထားရသော ဖိလစ်ပိုင်စားစာခံလွတ်မြောက်ရေး အာမခံချက်ရှိရန်အတွက် ဖိလစ်ပိုင် အစိုးရကို အကူအညီပေးသွားရန် ဘာရိန်းဝန်ကြီးချုပ်ရှိခ်ခါလီဖာဘင်ဆာလ် မန်အယ်လ်ခါလီဖာက သန္နိဋ္ဌာန်ပြုထားကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီးဌာနက တနင်္လာနေ့၌ ကြေညာချက်ထုတ်ပြန်ခဲ့သည်။**

ယခုသီတင်းပတ်ကုန်ပိုင်း၌ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘာတိုရိုမြူလိုသည် ဘာရိန်းဝန်ကြီးချုပ်နှင့် မိနစ် ၅၀ကြာ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း နိုင်ငံခြားရေးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

### ကျေးဇူးတင်

အဆိုပါ အစည်းအဝေးအတွင်း ဇူလိုင်လထဲ၌ ပြန်ပေးဆွဲခြင်းခံခဲ့ရသော ဖိလစ်ပိုင် ထရပ်ကားယာဉ်မောင်း အိန်ဂျလိုဒီလာခရုဇ်လွတ်မြောက်ရေးတွင် ဘာရိန်းနိုင်ငံက တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းအတွက် ကျေးဇူးတင်ကြောင်း အာရပ်ခေါင်းဆောင်အား ရိုမြူလိုက ပြောကြားခဲ့သည်။

### အသင့်ရှိ

ဘာရိန်းနိုင်ငံသည် ထိုကဲ့သို့သော အခြေအနေမျိုးတွင် အကူအညီပေးရန် အစဉ်အမြဲအသင့်ရှိကြောင်း၊ ရောဘတ်တာရွန်ဂွိုင် လွတ်မြောက်ရေးအာမခံချက်ရှိရန် ကြိုးပမ်းမှုတိုင်းတွင် မိမိ အားစိုက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်ဟု ရိုမြူလိုက ပြောကြားသည်။

ဘာရိန်းနိုင်ငံမြို့တော် မနာမာတွင် ဆွေးနွေးစဉ် နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာစေရန် ဘာရိန်းနိုင်ငံရှိ ဖိလစ်ပိုင်လူမျိုးများအားလုံးအား အကာအကွယ်ပေးရန် နှစ်နိုင်ငံအရာရှိများက တာဝန်ယူကြောင်း ထပ်လောင်းပြောကြားကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ဂျပန်တပ်ဖွဲ့ဝင်များ အီရတ်မှရုပ်သိမ်းရန် ဆန္ဒပြုသူ ဂျပန်၌များပြား

**တိုကျို နိုဝင်ဘာ ၉**

အီရတ်နိုင်ငံမှ လာမည့်လတွင် ဂျပန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းသင့်ကြောင်းနှင့် ပတ်သက်၍သဘောထားကောက်ယူရာတွင် ဆန္ဒပြုသူ တစ်ဝက်ကျော်က အီရတ်မှ ဂျပန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းသင့်ကြောင်း သဘောထားမှတ်ချက်ပေးခဲ့ကြသည်ဟု နေ့စဉ်ထုတ်သတင်းစာ မိနီချီရှမ်ဘမ်က တနင်္လာနေ့တွင် ဖော်ပြသည်။

အီရတ်ရှိ ဂျပန်တပ်ဖွဲ့ဝင်များကို လာမည့် ဒီဇင်ဘာ ၁၄ရက်နောက်ပိုင်း ထပ်မံ၍ အချိန်တိုးချဲ့ဖြန့်ချထားခဲ့လျှင်ဟူသော မေးခွန်းနှင့်ပတ်သက်၍ သဘောထားဆန္ဒပြုသူ ၅၁ရာခိုင်နှုန်းက ထိုသို့မဖြစ်သင့်ကြောင်း ပြောကြားပြီး ၂၇ရာခိုင်နှုန်းကဖြစ်သင့်ကြောင်း သဘောဆန္ဒပေးခဲ့ကြသည်ဟု အဆိုပါ သတင်းစာက ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ**

**အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ဒဏ်ရာ ရရှိခဲ့သော အီရတ်မိန်းကလေးငယ်တစ် ဦး အား ဘဂ္ဂဒက် ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို နိုဝင်ဘာ၉ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)





# မူလတန်းကြိုကျောင်းများနှင့်ကလေးပြုစုရေးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားကြည့်ရှုစစ်ဆေးအားပေး

ရန်ကုန် နိုဝင်ဘာ ၁၁

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့်တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅)ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၂)လှိုင်သို့ရောက်ရှိရာ ရှေးဦးစွာ ကျောင်းဧည့်ခန်းမ၌ ကျောင်းအုပ် ဒေါ်အေးအေးသန်းက ကျောင်း၏နောက်ခံသမိုင်း၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ကလေးငယ်များပြုစုလေ့ကျင့်နေမှုများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာ သင်ကြားလေ့ကျင့်မှုနည်းစနစ်နှင့်အညီ စနစ်တကျသင်ကြားပေးရန် မှာကြားသည်။**

**ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကလေးများစုဝေးခန်းမ၌ ကဗျာသီချင်း သီဆိုလေ့ကျင့်နေမှုများကို ကြည့်ရှု အားပေးပြီး ကစားစရာအရုပ်များဝေငှပေးသည်။**

## ဖြည့်ဆည်းမှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ကလေးများလေ့လာသင်ယူနေမှုနှင့် ကစားခန်း၊ စာဖတ်ခန်း၊ ကွန်ပျူတာခန်းမ၊ Audio ခန်းမတို့ကို ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဗဟန်းမြို့နယ်ရှိ စံပြရင်သွေးအိမ် မူလတန်းကြိုကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းဧည့်ခန်းမ၌ ကျောင်းအုပ် ဒေါ်ခိုင်သွယ်ဦးက မူလတန်းကြိုကလေးငယ်များအား ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာ နည်းစနစ်များနှင့်အညီ ပြုစုပျိုးထောင်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ခေတ်မီနည်းစနစ်များနှင့် အထောက်အကူပစ္စည်းများအသုံးပြု၍ ပြုစုပျိုးထောင်နေမှုနှင့် ပတ်သက်၍ ဖြည့်ဆည်းမှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကွန်ပျူတာခန်း၊ ထမင်းစားခန်း၊ ကလေးကစားခန်းနှင့် ပန်းချီပုံဆွဲခြင်းဖြင့် သင်ယူခြင်း၊ ပုံပြောခြင်းဖြင့် သင်ယူခြင်း၊ အတုယူကစားခြင်းဖြင့် သင်ယူမှုဆိုင်ရာအခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ လူမှုဝန်ထမ်း ဦးစီးဌာန ရွှေဂုံတိုင် ကလေးပြုစုရေးဌာနသို့သွားရောက်ပြီး မွေးစမှသုံးနှစ်အထိ အသက်အရွယ် အုပ်စုအလိုက် ပြုစုစောင့်ရှောက်ထားသော ကလေးငယ်များအား ကြည့်ရှုစစ်ဆေးပြီး ကလေးကစားစရာ အရုပ်များဝေငှပေးကာ ကလေးငယ်များ၏ ကျန်းမာရေးကို အထူးဂရုစိုက် ပြုစုစောင့်ရှောက်ရန် မှာကြားသည်။

**(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့်အဖွဲ့သည် လူမှုဝန်ထမ်း ဦးစီးဌာန ချမ်းမြေ့အိမ် မူလတန်းကြိုကျောင်းသို့ သွားရောက်ပြီး ဝန်ကြီးက မူကြိုကလေးများအား ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ သင်ကြားမှုများဖြင့် စနစ်တကျသင်ကြားပေးရန် မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ်အသင်း စုပေါင်းမဟာဘုံကထိန်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

မောင်တောမြို့နယ်အသင်း(ရန်ကုန်)၏(၁၅)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ကို နိုဝင်ဘာ ၂၁ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီတွင်ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း မဏ္ဍလာကံယုံကျောင်း သာသနာ့အလင်္ကာစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တကေတု(မဟာကျန်ဆရာတော်)အမှူးထား၍ သံဃာတော်အရှင်သူမြတ်များအား ကထိန်သင်္ကန်းကပ်လှူပွဲကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ၊ အလှူဒါယကာ၊ ဒါယိကာမများ တက်ရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

## မြန်မာနိုင်ငံလုံးဆိုင်ရာမသန်စွမ်းသူများ အားကစားပြိုင်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ တံခွန်စိုက်ဒိုင်း ပြည်နယ်နှင့်တိုင်း ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက်ထိ အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် သက်ဆိုင်ရာ အားကစားပြိုင်ကွင်းများတွင် ကျင်းပသွားမည် ဖြစ်သည်။

ပြေးခုန်ပစ် ပြိုင်ပွဲများကို နိုဝင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိလည်းကောင်း၊ ဘော်လီဘောနှင့် ဉာဏ်ရည်နိမ့်သူများပြိုင်ပွဲကို နိုဝင်ဘာ ၁၅ ရက်တွင်လည်းကောင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက်တွင်လည်းကောင်း၊ ကြက်တောင်ရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၇ ရက်တွင်လည်းကောင်း၊ ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၉ ရက်တွင်လည်းကောင်း နေ့စဉ်ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များသည် အသင်းလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ရုံး အောင်ဆန်းကွင်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၂၄၅၅ သို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ရွှေနှင့်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ လျှပ်စစ်စွမ်းအားဝန်ကြီးဗိုလ်ချုပ်တင်ထွတ်ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၁

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် လျှပ်စစ်စွမ်းအားဦးစီးဌာနတို့မှ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၈ ရက်တွင် ရွှေရေအားလျှပ်စစ်စီမံကိန်းခန်းမ၌ ဝန်ထမ်းများအားတွေ့ဆုံ၍ နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ရှင်းလင်းချက်များကို ထပ်ဆင့်ရှင်းလင်းပြီး လုပ်ငန်းများအောင်မြင်ရေးအတွက် စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။**

ဆက်လက်၍ ဝန်ကြီးသည် ရွှေရေအား လျှပ်စစ်စီမံကိန်း ပင်မတမံ၏ ရေတားနံရံ၊ ရေယူ အဆောက်အအုံ၊ လက်ဝဲဘက်ကမ်းပင်မတမံ၏ အမြင့် ၁၉၇ မီတာတွင် ဆောင်ရွက်နေသော ဘိလပ်မြေသရိုးဖိသွင်းဥမင် Roller Compacted Concrete (RCC) ကွန်ကရစ်ဖျော်စက်ရုံနှင့် ရေခဲစက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေယူအဆောက်အအုံ၏ ရေတံခါးသွားလမ်းကြောင်းများ တပ်ဆင်နေမှုကိုလည်းကောင်း၊ ပင်မတမံသို့ဝင်ရောက်မည့် ချဉ်းကပ်ဥမင်လိုဏ်နှင့် မြေအောက်ရေထွက် တံခါးကိုလည်းကောင်း၊ ရေလွှဲဥမင်၏ ရေထွက်တံခါးသွားလမ်းကြောင်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဘိလပ်မြေသိုလှောင်ကန် ဆောက်လုပ်နေသည့် အလုပ်ရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် နိုဝင်ဘာ ၉ ရက်တွင် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၁) တည်ဆောက်ရေးက ဆောင်ရွက်လျက်ရှိသော ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီးတမံအုကြောင်းကို ကျောက်နှင့် မြေဖို့ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံနှင့် ရေပိုလွှဲ တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

## ဖြန့်ဖြူးနိုင်ရေး

ထို့နောက် မြေအောက်ဓာတ်အားပေးစက်ရုံ အမှတ်(၁)ဓာတ်အားပေးစက်တပ်ဆင်နေမှု၊ အမှတ်(၂) ဓာတ်အားပေးစက်တပ်ဆင်ပြီးစီးမှု၊ အမှတ်(၃)နှင့် အမှတ်(၄) ဓာတ်အားပေးစက်များလည်ပတ်နေမှုနှင့် ဓာတ်အားထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာဆောင်ရွက်ရေး၊ သတ်မှတ်ကာလတွင် စက်များအမြန်တပ်ဆင်ပြီးစီးရေး၊ ဓာတ်အား ဖြန့်ဖြူးနိုင်ရေးတို့ကို မှာကြား ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်း ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ်ကွက် ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဇာနေယျ(မဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးရှိသော သံဃာတော်အပါး၂၀၀တို့အား စုပေါင်းဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၃ရက် ( နိုဝင်ဘာ၁၄ရက်)တနင်္ဂနွေနေ့တွင်အဆိုပါ ကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။ သံဃာတော်များအား သင်္ကန်းဒွိစုံတစ်စုံလျှင် ကျပ် ၂၀၀၀နှုန်းဖြင့် လာရောက်လှူဒါန်းနိုင်ပြီး မွန်းလွဲ ၁ နာရီတွင် ကထိန် အနုမောဒနာ တရားတော်များ နာကြားနိုင်ကြောင်း သိရသည်။

**(က-ပ)**

## မြို့နယ်အဆင့် ကျန်းမာရေးအဆင့်မြင့်ကျောင်းထူထောင်ရေး ဆင့်ပွားနည်းပြသင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ဒဂုံမြို့နယ် ကျောင်းကျန်းမာရေးကော်မတီက ကြီးမှူး၍ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ကျောင်းကျန်းမာရေး စံပြထူးချွန်ဆုချီးမြှင့်ပွဲနှင့် မြို့နယ်အဆင့်ကျန်းမာရေးအဆင့်မြင့်ကျောင်း ထူထောင်ရေး ဆင့်ပွားနည်းပြ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မြို့မခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ဒဂုံမြို့နယ် ကျောင်းကျန်းမာရေးကော်မတီနာယက ဒဂုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းစိုးက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ကျောင်းကျန်းမာရေး) ဒေါက်တာသက်သက်ဇင်နှင့် ဒဂုံမြို့နယ်ပညာရေးမှူး ဦးဝင်းလှိုင်ထိန်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ကျောင်းကျန်းမာရေး) ဒေါက်တာသက်သက်ဇင်က စံပြထူးချွန်ဆု (အထက်တန်းအဆင့်) ဆုရ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မာသာဟိန်အားလည်းကောင်း၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က စံပြထူးချွန်ဆု (အလယ်တန်းအဆင့်)ဆုရ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးထွန်းကြည်အားလည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာခင်သက်မြိုင်က စံပြထူးချွန်ဆု (မူလတန်းအဆင့်) ဆုရ အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဇော်မင်းထိန်အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ စံပြလွန်ကျောင်းဆုများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းစိုးက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်**(ဝဲပုံ)**နှင့် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးသိမ်းတို့အား ချီးမြှင့်သည်။ **(သတင်းစဉ်)**



## တောတိုက်ဓမ္မရိပ်သာ မဟာဘုံကထိန်လှူဒါန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းမင်္ဂလာဒုံမြို့နယ်တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓာန မဟာနာယက နိုင်ငံတော် ဩဝါဒါစရိယ မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် ဘဒ္ဒန္တဓမ္မသာရမဟာထေရ် ဆရာတော်ကြီးအမှူးပြုသော ပုရိမဝါသား သံဃာတော် ၂၆၀ နှင့် ပင့်သံဃာတော် ၁၇၀ကျော်တို့အား စုပေါင်းမဟာဘုံကထိန်သင်္ကန်းလှူဒါန်းပွဲကို ကထိန်မတည်အလှူရှင် အေဝမ်းအထည်ချုပ်စက်ရုံ မိသားစုများနှင့် တောတိုက်ဓမ္မရိပ်သာတပည့်ယောဂီများမှ (တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ရာမည်သူမဆို ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့**

**လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။**

**၂၀၀၄ ခုနှစ်၊နိုဝင်ဘာလအတွက်**

**(၁၄-၁၁-၂၀၀၄)ရက်နေ့**

**နှင့်**

**(၂၈-၁၁-၂၀၀၄)ရက်နေ့**

## မြန်မာနိုင်ငံသူနာပြုအသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံသူနာပြုအသင်း၏ (၂၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ခန်းမဆောင်၌ နိုဝင်ဘာ ၂၀ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

အပူဇော်ခံမည့် သက်ကြီးသူနာပြုများအား တစ်ဦးချင်း အကြောင်းကြားစာများ ပေးပို့ထားပြီး ဖိတ်စာမရရှိပါကလည်း တက်ရောက်အပူဇော်ခံကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို မြန်မာနိုင်ငံသူနာပြုအသင်း ဖုန်း-၂၈၆၉၆၆ သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒေသခံပြည်သူများ ဆက်သွယ်ကူးလူး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေမည့် သရက်ခရိုင် မင်းလှမြို့နယ် ပုသိမ်–မုံရွာလမ်းမကြီးပေါ်မှ ရွှေချောင်းတံတား



မကွေးတိုင်း သရက်ခရိုင် မင်းလှမြို့နယ်တွင်တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ရွှေချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

## ရွှေချောင်းတံတား

| | | |
|---|---|---|
| တည်နေရာ | – | မကွေးတိုင်း၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ပုသိမ်–မုံရွာ (မြောက်ပိုင်း)လမ်း၊ ရှမ်းတပ်ကြီးကျေးရွာအနီး ရွှေချောင်း (ပနီချောင်း)။ |
| စတင်တည်ဆောက်သည့်နေ့ | – | ၁–၁၁–၂၀၀၀ |
| ဖွင့်လှစ်သည့်နေ့ | – | ၂၄–၈–၂၀၀၄ |
| တံတားအရှည် | – | ပေ ၅၀၀ |
| တံတားအမျိုးအစား | – | တံတားကိုယ်ထည် သံကူကွန်ကရစ်၊အပေါ်ပိုင်းကြိုတင်အားဖြည့်ကွန်ကရစ်ရက်မ သံကူကွန်ကရစ် ကြမ်းခင်းနှင့်လက်ရန်း |
| ရေလမ်းကင်းလွတ် အမြင့် | – | ငါးပေ |
| ယာဉ်သွားလမ်းအကျယ် | – | ၂၈ပေ |
| လူသွားလမ်းအကျယ် | – | တစ်ဖက် သုံးပေစီ |
| အကျိုးကျေးဇူး | – | ကံမမြို့နယ် ၁၅၄ရွာ၊ မင်းတုန်းမြို့နယ် ကျေးရွာပေါင်း ၁၇၈ရွာ၊ မင်းလှမြို့နယ် ကျေးရွာပေါင်း ၁၅၇ရွာ၊ ငဖဲမြို့နယ် ကျေးရွာပေါင်း ၁၂၁ရွာ စုစုပေါင်း ကျေးရွာပေါင်း ၆၁၀၊ ဒေသခံပြည်သူ သုံးသိန်းခြောက်သောင်းကျော် အလွယ်တကူ သွားလာရောင်းဝယ်ဖောက်ကားနိုင်စေရေး အကျိုးပြု။ |

## ရွှေချောင်းတံတား

မကွေးတိုင်း သရက်ခရိုင် မင်းလှမြို့နယ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၃)က တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ရွှေချောင်းတံတားကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)



12-11 (07).p65 1 3/24/05, 2:16 PM





**အမှာစကားပြောကြား**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း တပ်မတော်(လေ) လေကြောင်းအတတ်သင် လေတပ်စခန်း အမှတ်(၁) လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၆၆) လေယာဉ်မောင်းသင်တန်းဆင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# ခေတ်မီဖွံ့ဖြိုးတိုးတက်သော အမိမြန်မာနိုင်ငံတော်ကြီးဖြစ်ထွန်းရေး ကြိုးပမ်းနေချိန် စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ပေါ်ထွန်းလာရေးသည် သမိုင်းလိုအပ်ချက်ဖြစ်

✱ *ကျောဖုံးမှ*

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ မန္တလေး တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော်အရာရှိကြီးများ၊ လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်၊ တပ်မတော်(လေ)မှ လေတပ်စခန်း ဌာနချုပ်မှူး၊ လေတပ်စခန်းမှူး၊ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ မိတ္ထီလာတပ်နယ်တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ချီတက်အလေးပြု**

အခမ်းအနားတွင် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းက ကျောင်းဆင်းတပ်ဖွဲ့နှင့် ဂုဏ်ပြုတပ်ခွဲများအား စစ်ဆေးပြီးနောက် အဆိုပါ တပ်ဖွဲ့၊ တပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကိုခံယူသည်။

ယင်းသို့ အနေးလျှောက်၊အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြစဉ် တပ်မတော်(လေ)မှ ဂျက်တိုက်လေယာဉ်များက အုပ်စုဖွဲ့၍ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းအား ဝေဟင်မှ အလေးပြုပျံသန်းကြသည်။

**ထူးချွန်ဆုချီးမြှင့်**

ယင်းနောက် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းက အမှတ်စဉ်(၆၆) လေယာဉ်မောင်းသင်တန်းမှ စာပေထူးချွန်ဆုရ လေ-၂၉၃၈ ဗိုလ်အောင်အောင်အား လည်းကောင်း၊ လေယာဉ်မောင်း ထူးချွန်ဆုရ လေ-၂၉၄၆ ဗိုလ်ခင်ဇော်အား လည်းကောင်း၊ စံပြလေသူရဲဆုရ လေ-၂၉၃၇ ဗိုလ်စောထက်အောင်အား လည်းကောင်း ထူးချွန်ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

**အလေးအနက်မှာကြား**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းက အမှာစကားပြောကြားရာတွင် ယနေ့သည် အမှတ်စဉ်(၆၆) လေယာဉ်မောင်းသင်တန်းဆင်းအခမ်းအနားကျင်းပသည့်နေ့ဖြစ်ကြောင်း၊ ရဲဘော်တို့အနေဖြင့် အခြေခံနဲ့တန်းမြင့် လေယာဉ်မောင်းသင်တန်းများကိုတက်ရောက်အောင်မြင် ပြီးမြောက်ခဲ့ပြီဖြစ်၍တပ်မတော်(လေ)အတွက်အားသစ်လောင်းသည့်သမိုင်းဝင်နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ထူးခြားမွန်မြတ်သည့် မင်္ဂလာအခါသမယတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မှာကြားစရာရှိသည်များကို အလေးအနက် မှာကြားသွားမှာဖြစ်ကြောင်း။

**သမိုင်းပေးတာဝန်**

တပ်မတော်(လေ)ကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ရက်နေ့တွင်စတင်ဖွဲ့စည်း တည်ထောင်ခဲ့ခြင်းကြောင့် သက်တမ်းအားဖြင့် (၅၇)နှစ်ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ စတင်တည်ထောင်ချိန်မှစ၍ မူလတာဝန်ဖြစ်သည့်နိုင်ငံတော်ကာကွယ်ရေးတာဝန်သာမကနိုင်ငံတော်တည်ဆောက်ရေးနှင့်အခြားပေးအပ်သည့် တာဝန်များကိုဦးလည်မသုန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြောင်း၊ ယနေ့နိုင်ငံတကာလေကြောင်းဆိုင်ရာပညာရပ်များကိုလေ့လာကြည့်လျှင် ကြီးမားသည့်အပြောင်းအလဲများသည် လျင်မြန်သည့်အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်နေပြီး နိုင်ငံငယ်များ၏လုံခြုံမှုကို စိတ်ချရမှုမရှိတော့သည်ကိုတွေ့မြင်နိုင်ကြောင်း၊ အသစ်အသစ်သောစိန်ခေါ်မှုအန္တရာယ်များကြောင့်အိမ်နီးချင်းနိုင်ငံများအပါအဝင်ကမ္ဘာ့နိုင်ငံအသီးသီးသည်တစ်ဖက်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရင်းတစ်ဖက်ကလည်း ကာကွယ်ရေးစွမ်းအား ပိုမိုတောင့်တင်းခိုင်မာအောင်တည်ဆောက်နေကြကြောင်း၊ ကမ္ဘာတစ်လွှားတွင် ဖြစ်ပေါ်နေသည့်သာဓကများအရ တပ်မတော်အင်အားရှိမှတိုင်းပြည်အင်အားရှိမည်ဆိုသည့်အချက်သည် ပိုမိုထင်ရှားခိုင်မာလာကြောင်း၊ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော အမိမြန်မာနိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးအတွက်ကြိုးပမ်းတည်ဆောက်နေချိန်တွင် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့်ခေတ်မီတပ်မတော်ပေါ်ထွန်းလာစေရေးသည် သမိုင်း၏လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ယင်းလိုအပ်ချက်နှင့်အညီအင်အားတောင့်တင်းခိုင်မာပြီးနည်းပညာအဆင့်အတန်းမြင့်မားသောလေကြောင်းစွမ်းအားကိုပိုင်ဆိုင်သည့်တပ်မတော်(လေ)အဖြစ်ရောက်ရှိအောင် တည်ဆောက်ရေးတာဝန်သည် ယနေ့တပ်မတော်(လေ)အဆင့်အတန်းအားလုံးအတွက်အလေးအနက်ခံယူ ကျင့်သုံးရမည့် သမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ယင်းသမိုင်းပေးတာဝန်ကို ထမ်းဆောင်ရာတွင် ရုပ်ဝတ္ထုပစ္စည်းပိုင်းကိုဖြည့်ဆည်းနေရသကဲ့သို့ နည်းပညာမြင့်မားပြီး တိုးတက်ခေတ်မီသည့် လေယာဉ်၊ရဟတ်ယာဉ်များကို ကျွမ်းကျင်စွာ မောင်းနှင်အသုံးချနိုင်မည့် လေသူရဲများကိုလည်း နှစ်စဉ်သင်ကြားလေ့ကျင့်မွေးမြူလျက်ရှိကြောင်း၊ ယခုအမှတ်စဉ်(၆၆)လေယာဉ်မောင်းသင်တန်းမှာလည်း သင်တန်းသားများကိုအောင်မြင်စွာ သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပြီး လေသူရဲတောင်ပံအပ်နှင်းတော့မည်ဖြစ်ကြောင်း၊ အပ်နှင်းလိုက်သည့် လေသူရဲတောင်ပံသည် သာမန်အဆောင်အယောင် တစ်ခုမဟုတ်ဘဲ ဝေဟင်ထက်မှာ လေယာဉ်ကိုကျွမ်းကျင်စွာပျံသန်းရင်း နိုင်ငံတော်ကာကွယ်ရေးအတွက် အသက်ကိုပင်ငဲ့ကွက်ခြင်းမရှိပဲ စွန့်လွှတ်စွန့်စားရဲသော သူရဲကောင်းဆိုသည့် ဂုဏ်ဒြပ်အနှစ်သာရကို ဖော်ဆောင်သည့် သင်္ကေတအမှတ်အသားပဲဖြစ်ကြောင်း၊ ယင်းကို ဘဝင်နှလုံးတွင် ခိုင်ခိုင်မြဲမြဲစွဲထင်စေလိုသဖြင့် နှလုံးသားရှိရာဝဲဘက်ရင်အုံအထက်၌ တပ်ဆင်ထားစေခြင်းပင်ဖြစ်ကြောင်း။

**ကြိုးပမ်းအားထုတ်**

လေကြောင်းစွမ်းအားတည်ဆောက်ရာတွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာပစ္စည်းများဖြစ်သည့် လေယာဉ်၊ ရဟတ်ယာဉ်၊ လက်နက်၊စက်ကိရိယာပစ္စည်း စသည်တို့ကို ငွေအင်အားရှိရင် ရှိသကဲ့သို့ ချက်ချင်းလက်ငင်းဖြည့်ဆည်းပေးနိုင်သော်လည်း လူသားအရင်းအမြစ်ဖြစ်သည့် လေသူရဲနှင့်စက်မှုလက်မှုပညာရှင်များကို ချက်ချင်းဖန်တီး၍ မရနိုင်သည်ကို ရဲဘော်တို့အသိပင်ဖြစ်ကြောင်း၊ ယနေ့ အသုံးပြုနေသည့် လေယာဉ်၊ရဟတ်ယာဉ်များတွင် တပ်ဆင်ထားသည့် အင်ဂျင်ကိုယ်ထည်၊ လက်နက်စသည့် ပစ္စည်းများအား အီလက်ထရွန်နစ် နည်းပညာများဖြင့် ပေါင်းစပ်ကာ ပိုမိုအစွမ်းထက်ကောင်းမွန်လာကြောင်းကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့သည် နည်းပညာအဆင့်မြင့်လာမှုကို အစဉ်လေ့လာဆည်းပူးပြီး (Highly Qualified Human Resources) အရည်အသွေးမြင့်မားတဲ့ လူသားအရင်းအမြစ်များ ဖြစ်လာအောင် ကြိုးပမ်းအားထုတ်ကြရန် မှာကြားလိုကြောင်း။

**တိုက်ပွဲဝင်နိုင်အောင် လေ့ကျင့်ထား**

ရဲဘော်တို့သည် ပျံသန်းရေးကဏ္ဍတွင် ကျွမ်းကျင်လိမ္မာသည့် လေသူရဲများဖြစ်အောင် ကြိုးပမ်းရမည်ဖြစ်သကဲ့သို့ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော် တည်ဆောက်ရာတွင်လည်း ခေါင်းဆောင်ကောင်းများအဖြစ် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးနှင့် စိတ်ဓာတ်ဆိုသည့် တပ်တည်ဆောက်ရေးလုပ်ငန်းကြီးလေးရပ်ကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ဝေဟင်ထက်တွင် မိမိမောင်းနှင်သည့်လေယာဉ်၊ ရဟတ်ယာဉ်ဖြင့် ပိုင်နိုင်စွာ တိုက်ပွဲဝင်နိုင်သကဲ့သို့ လိုအပ်လာချိန်တွင် တပ်စု၊ တပ်ခွဲကို ဦးဆောင်ပြီး မြေပြင်တိုက်ပွဲဝင်နိုင်အောင်လည်း လေ့ကျင့်ထားရန်လိုအပ်ကြောင်း။

လေကြောင်းသမိုင်းကို ကြည့်လျှင် လေယာဉ်များကို စစ်မြေပြင်ကင်းထောက် လုပ်ငန်းအတွက် စတင်အသုံးပြုခဲ့ပြီး ကင်းထောက်လေယာဉ်အချင်းချင်း လက်နက်ငယ်ဖြင့် ပစ်ခတ်ရာမှ လက်နက်တပ်ဆင်ထားသည့် တိုက်လေယာဉ် ဖြစ်လာကြောင်း၊ ပထမကမ္ဘာစစ်အပြီးတွင်လေကြောင်း ထိုးစစ်ဆင်နွှဲရေး အတွေးအမြင်အရ ဗုံးကြဲလေယာဉ် ဖြစ်လာကြောင်း၊ လေကြောင်းဆိုင်ရာ မဟာဗျူဟာနှင့် လေကြောင်းစွမ်းအား အတွေးအခေါ်များ ထွန်းကားလာခဲ့ကြောင်း၊ တစ်ဖက်ရန်သူက မိမိလေပိုင်နက်အတွင်း ဝင်ရောက်၍ ကင်းထောက်ခြင်း၊ ဗုံးကြဲတိုက်ခိုက်ခြင်းများကို မလုပ်နိုင်ရန် မိမိမှာရှိသည့် တိုက်လေယာဉ်များဖြင့် တက်ရောက်ကာကွယ်ရာမှ ကြားဖြတ်တိုက်လေယာဉ် ပေါ်ထွန်းလာသကဲ့သို့ လေကြောင်းရန်ကာကွယ်ရေးအခန်းကဏ္ဍသည်လည်း ရှိလာခဲ့ကြောင်း။

**စစ်မျက်နှာငါးခုချဲ့ထွင်လာ**

စစ်ပွဲ၏ လိုအပ်ချက်ကို သိပ္ပံနှင့်နည်းပညာအစွမ်းဖြင့် ဖြည့်ဆည်းလာခဲ့ရာတွင် သိပ္ပံနှင့် နည်းပညာသည် အနာဂတ်စစ်ပွဲများ၏ ပုံသဏ္ဍာန်ကို ဖန်တီးပုံဖော်လာကြပြီး မြေပြင်၊ ရေပြင်၊ ဝေဟင်ဆိုသည့် စစ်မျက်နှာသုံးခုမှ အာကာသနှင့် အသိဉာဏ်ပညာနယ်ပယ်တို့ကိုပါ ထည့်သွင်း၍ စစ်မျက်နှာငါးခုဖြစ်အောင် ချဲ့ထွင်လာခဲ့ကြကြောင်း။

လေကြောင်းစွမ်းအား၊ လေကြောင်းအာကာသစွမ်းအားနှင့် လေကြောင်း မဟာဗျူဟာအဆင့်ဆင့်ပြောင်းလဲလာမှုများကိုခြုံငုံသုံးသပ်လျှင် လေကြောင်းသိပ္ပံပညာရပ်၏ ရှင်သန်ပြောင်းလဲနေသည့် သဘောကို တွေ့ရလိမ့်မည်ဖြစ်ကြောင်း၊ သို့သော်လည်း မပြောင်းလဲသည်မှာ လေယာဉ်ပျံသန်းမှုဆိုင်ရာ အခြေခံစည်းမျဉ်း၊ စည်းကမ်း၊ နည်းလမ်းများပင်ဖြစ်ကြောင်း၊ လေသူရဲတစ်ဦးအနေဖြင့် မည်သည့်



**တပ်မတော်(လေ) လေကြောင်းအတတ်သင် လေတပ်စခန်း အမှတ်(၁) လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၆၆) လေယာဉ်မောင်းသင်တန်းဆင်းပွဲ အခမ်းအနားတွင် တက်ရောက်လာကြသူများကို တွေ့ရစဉ်။**

(သတင်းစဉ်)

အချိန်ကာလ၊ နေရာဒေသ အခြေအနေမျိုးတွင်မဆို ပေးအပ်သည့် တာဝန်ကို မိမိထိခိုက်ပျက်စီးမှုမရှိဘဲ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးသည် အဓိကရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ သို့မှသာ Professional Pilot ပီသမည် ဖြစ်ကြောင်း။

## အောင်မြင်မှုရရှိမည်

အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် လေယာဉ်၊ ရဟတ်ယာဉ် စွမ်းပကားများ၊ လေယာဉ်လက်နက်စွမ်းပကားများ၊ အီလက်ထရွန်နစ် စစ်ဆင်ရေးစသည့် အဆင့်မြင့်နည်းပညာနှင့် ယှဉ်တွဲပေါ်ပေါက်လာသည့် လေကြောင်းစွမ်းအား၊ လေကြောင်းမဟာဗျူဟာများကို အမြဲလေ့လာသုံးသပ်နေမှသာ ရဲဘော်တို့သည် လေကြောင်းစစ်ပွဲများတွင် အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း။

သင်တန်းဆင်းပြီးနောက် သက်ဆိုင်ရာ လေတပ်စခန်းဌာနချုပ် အသီးသီးကို ရောက်ရှိချိန်တွင် ရဲဘော်တို့ ပျံသန်းမောင်းနှင် တာဝန်ထမ်းဆောင်ကြရမည့် လေယာဉ်၊ ရဟတ်ယာဉ် အမျိုးအစားများ မတူညီမှုကြောင့် လုပ်ငန်းတာဝန်ထမ်းဆောင်ကြပုံခြင်းလည်း ကွဲပြားလိမ့်မည်ဖြစ်ကြောင်း၊ လေသူရဲတောင်ပံ အပ်နှင်းခြင်းခံရပြီး လေသူရဲတစ်ယောက်အဖြစ်သတ်မှတ်ခံရခြင်းသည် သင်တန်းပြီးဆုံးခြင်းဆိုသည့် မှတ်တိုင်တစ်ခုမျှသာဖြစ်ကြောင်းကိုသတိပေးလိုကြောင်း၊ ယခုပြီးခဲ့သည့်သင်တန်းမှာ လေသူရဲတစ်ဦးအနေဖြင့် အခြေခံ သိနားလည်ရမည့် ပျံသန်းရေး၊ စက်မှုလက်မှု၊ မိုးလေဝသ၊ လေကြောင်းဆေးပညာစသည့် ဘာသာရပ်များနှင့် လိုက်နာကျင့်သုံးရမည့် ပျံသန်းရေး စည်းကမ်း၊ နည်းလမ်းများကိုသာ သင်ကြားပေးလိုက်ခြင်းဖြစ်ကြောင်း၊ ရဲဘော်တို့သည် သင်တန်းဆင်းပြီးနောက် တိုက်လေယာဉ်၊ သယ်ယူပို့ဆောင်ရေးလေယာဉ်၊ တိုက်ခိုက်ရေးရဟတ်ယာဉ်၊သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် စသည်ဖြင့် တာဝန်ကျရာအမျိုးအစားအလိုက် ဆက်လက်သင်ကြား လေ့ကျင့်သွားရမည်ဖြစ်ကြောင်း၊ လေယာဉ်တစ်စင်းကို ပျံသန်းရာတွင် လေယာဉ်အမျိုးအစား၊ သွားရောက်သည့်ခရီးစဉ်၊ ထမ်းဆောင်ရသည့်တာဝန် စသည့် အကြောင်းတရားများတူညီစေကာမူ ကြုံတွေ့ရသည့် ပတ်ဝန်းကျင်အခြေအနေသည် တစ်ထပ်တည်းမတူညီနိုင်သည့်အတွက် မောင်းနှင်ထိန်းကျောင်းရသည့် အနေအထားနှင့် အယူအဆများ ကွဲပြားခြားနားနိုင်ကြောင်း၊ ထို့ကြောင့် လေသူရဲတစ်ဦးအတွက် လေ့လာသင်ယူရခြင်း၊ အဖန်ဖန်တလဲလဲ လေ့ကျင့်ရခြင်းတို့သည် ရပ်နားပြီးဆုံးခြင်း မရှိသည့် လုပ်ငန်းစဉ်မျိုးဖြစ်သည်ကို သတိချပ်စေလိုကြောင်း။

ရဲဘော်တို့သည် တိုက်လေယာဉ်လေသူရဲ၊ သယ်ယူပို့ဆောင်ရေးလေသူရဲနှင့် ရဟတ်ယာဉ်လေသူရဲ စသည်ဖြင့် ကျရာတာဝန်အသီးသီးကို ထမ်းဆောင်ကြရမည်ဖြစ်သော်လည်း မိမိတို့ တပ်မတော်(ကြည်း၊ရေ၊လေ)၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် အန္တရာယ်ကျရောက်ခဲ့သော် မိမိတို့ တပ်မတော်အနေဖြင့်သမားရိုးကျစစ်ပွဲကို ဆင်နွှဲနိုင်အောင် ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ သို့သော် လိုအပ်လာလျှင် ပြောက်ကျားစစ်အပါအဝင် ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံးရမည်ဖြစ်ကြောင်း။

## ပြည့်အင်အားပြည်တွင်းမှာပင်ရှိ

ပြည်သူ့စစ်မဟာဗျူဟာဆိုသည်မှာ ပြည်သူတစ်ရပ်လုံးက တပ်မတော်ကိုမဏ္ဍိုင်ပြုပြီး နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်း၊ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်းဖြစ်ကြောင်း၊အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို ချီတက်နေသည့် မိမိတို့နိုင်ငံတော်တွင် ပြည်တွင်းပြည်ပ အဖျက်ရန်စွယ် မှန်သမျှကို တွန်းလှန်ချေမှုန်းရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာပင်ရှိကြောင်း။

ယနေ့နိုင်ငံတော်တွင် ပြောင်းလဲဖြစ်ပေါ်နေသည့် အခြေအနေများနှင့် ပတ်သက်၍ အမျိုးသားညီလာခံကြီး အပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အောင်မြင် ပြီးမြောက်သည့်အထိ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ ဥပဒေဘောင်အတွင်းရောက်ရှိပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေသည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်း ယခင်ကတည်းက ကျင့်သုံးလာခဲ့သည့် တိုင်းရင်းသားစည်းရုံးညီညွတ်ရေးကို အခြေခံသည့်နိုင်ငံတော်၏အမျိုးသားရေးမူဝါဒများနှင့်အညီ အပြောင်းအလဲမရှိ ဆက်လက်လက်တွဲဆောင်ရွက်သွားရေး၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင်လည်း ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရေးတို့ကို ယခင်အစဉ်အလာများနှင့်အညီဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဆိုသည်ကို ရဲဘော်တို့နားလည် သဘောပေါက်ကြရန်လိုကြောင်း။

## နိုင်ငံကာကွယ်ရန်အသင့်ရှိ

ရဲဘော်တို့သည် တပ်မတော်(လေ)၏ မျိုးဆက်သစ်လေသူရဲများအဖြစ်အမျိုးဘာသာသာသနာကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းအဖျက်ရန်များကို သာမက အချုပ်အခြာအာဏာ၊ မိမိတို့ပိုင်သည့် ရေမြေနှင့်ဝေဟင်ပိုင်နက်ကို ထိပါးနှောင့်ယှက်လာမည့်ပြည်ပကျူးကျော်မှုများကိုပါ အချိန်မရွေး ရဲရဲဝင့်ဝင့် အသက်စွန့်ပြီးနိုင်ငံတော်ကို ကာကွယ်ရန် အမြဲအသင့်ရှိနေကြရမည် ဖြစ်ကြောင်း။

တပ်မတော်၏ အဓိကတာဝန်သည် စစ်တိုက်ရန်၊ လေ့ကျင့်ရန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းလုပ်ရန်တို့ပင်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် မျိုးချစ်တပ်မတော် ဖြစ်သည့်အတွက် ရဲဘော်တို့အနေဖြင့် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်ရမှာဖြစ်သကဲ့သို့ တစ်ဖက်တစ်လမ်းက ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း ကာလဒေသမရွေး အစွမ်းကုန်သယ်ပိုးဆောင်ရွက်သွားကြရန် အထူးအလေးအနက်ထားပြီး တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့တပ်မတော်ကို အင်အားတောင့်တင်းပြီးစွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ဖြစ်အောင်တည်ဆောက်နေချိန်ဖြစ်သဖြင့် တပ်မတော်(ကြည်း၊ရေ၊လေ)တစ်ရပ်လုံးတစ်ချိန်တည်းတစ်ပြိုင်တည်းအရှိန်အဟုန်ဖြင့် အရည်အချင်းမြင့်မားရန်၊ သတ်မှတ်ပေးထားသည့် တပ်တည်ဆောက်ရေးလုပ်ငန်းကြီးလေးရပ်ကို ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ ဝီရိယစွမ်းများဖြင့် ကြိုးစားတည်ဆောက်ကြရန် အလေးအနက်မှာကြားလိုကြောင်း၊ တစ်ချိန်တည်းမှာပင် ရဲဘော်တို့သည် အခြေခံအရည်အချင်း ငါးပါးနှင့်ပြည့်စုံ၍ စစ်ရေးအမြင်၊ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်တို့ပါရှိပြီး စွမ်းရည်သုံးရပ်ဖြင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုရမှာ ဖြစ်ကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်သည့် မိမိတို့ မြန်မာလူမျိုး၏ ပင်ကိုရုပ်တည်ချက်အရ အကျင့်စာရိတ္တနှင့်စိတ်ဓာတ်ကောင်းမွန်ခြင်းမရှိသူဆိုလျှင် ခေါင်းဆောင်တင်လေ့မရှိခြင်းကြောင့် ရဲဘော်တို့သည် အခြေခံအားဖြင့် အကျင့်စာရိတ္တနှင့် စိတ်ဓာတ်ကောင်းမွန်အောင် ကျင့်ကြံနေထိုင်ကြရန်လည်း မှာကြားလိုကြောင်း။

## လေသူရဲကောင်းဖြစ်အောင်ကြိုးစား

ရဲဘော်တို့သည် ဒို့တာဝန်အရေးသုံးပါးကိုအသက်ပေးကာကွယ် စောင့်ရှောက်ကြ၍ တပ်မတော်အစဉ်အလာ (၁၂)ရပ်ကို အစဉ်စောင့်ထိန်းမည့်မျိုးဆက်သစ်ခေါင်းဆောင်များဖြစ်အောင် ကျင့်ကြံဆောင်ရွက်ကြရင်း အမိနိုင်ငံတော်၏ ဝေဟင်ပိုင်နက်ကို စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်နိုင်သည့် လေသူရဲကောင်းများဖြစ်အောင် ကြိုးစားအားထုတ်သွားကြစေလိုကြောင်း စသည်ဖြင့် တိုက်တွန်းပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

နံနက် ၉နာရီခွဲတွင် လေကြောင်းအတတ်သင် လေတပ်စခန်းရှိ သူရအုန်းခိုင်ခန်းမ၌ လေသူရဲတောင်ပံအပ်နှင်းပွဲကို ဆက်လက်ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းက ကျောင်းဆင်း အရာရှိများအား လေသူရဲတောင်ပံများနှင့်သင်တန်းဆင်းအောင်လက်မှတ်များကို အပ်နှင်းပြီး သင်တန်းဆင်း အရာရှိများအားလိုအပ်သည်များကို မှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းသည် ကျောင်းဆင်းအရာရှိများနှင့်မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ကျောင်းဆင်းအရာရှိများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းနည်းလမ်းသုံးသွယ်ချမှတ်ထား လုပ်ငန်းများနှစ်နှစ်အတွင်းပြီးစီးရေးစနစ်တကျဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၁

**မန္တလေးတိုင်း မိတ္ထီလာမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုဝင်ဘာ ၁၀ရက်နံနက်ပိုင်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ကျောက်ပန်းတောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ကြက်မောက်တောင်ဆည် ရေကူးပေးရေးစီမံကိန်းဖြစ်သည့် ကျောက်တံခါးရေလှောင်တမံ၊ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းလုပ်ငန်းတစ်ရပ်ဖြစ်သည့် ညောင်ကုန်းရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာမြို့ကန်တော်မင်္ဂလာခန်းမ၌ မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးနှင့်စိုက်ပျိုးရေရရှိရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**





## ကျောက်တံခါးရေလှောင်တမံ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၈နာရီတွင် မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးကျေးရွာရှိ ကျောက်တံခါး ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိကြသည်။ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ကျောက်တံခါးရေလှောင်တမံ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြေပုံဇယားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရေလှောင်တမံကို သတ်မှတ်ချိန်တွင်ပြီးစီးရေး၊ ကျောက်တံခါးရေလှောင်တမံမှရေကို တောင်ရေ ရေလှောင်တမံသို့ ရေကူးပေးရာတွင် ရေသွယ်မြောင်းစနစ်များ ကောင်းမွန်မြန်ဆန်စွာ ပြီးစီးရေးနှင့် လိုအပ်ချက်များကို မှာကြားသည်။

## ကြည့်ရှုစစ်ဆေးမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်တံခါးရေလှောင်တမံ၏ ရေထိန်းမျှော်စင်၊ မြေသားတမံဖို့ခြင်း မြေကြီးလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ကျောက်တံခါးရေလှောင်တမံသည် ကြက်မောက်တောင်ဆည် ရေကူးပေးရေးအတွက် ကျောက်တံခါးချောင်းနှင့် တောင်ဦးချောင်းမှရေကို ရေလှောင်တမံ တည်ဆောက်စုဆောင်းပြီး တောင်ရေ ရေလှောင်တမံသို့ပေးပို့၍လည်းကောင်း၊ တောင်ရေ ရေလှောင်တမံမှ ဆက်လက်၍ထားရှိပြီး ဆက်သွယ်တူးမြောင်းဖြင့် ကြက်မောက်တောင်ဆည်သို့ ရေကူးပေးပို့ရန်အတွက်လည်းကောင်း ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။ ထို့အပြင် နတ်မောက်မြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧက ၇၅၀ကိုလည်း စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

## ညောင်ကုန်းရေလှောင်တမံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်တံခါးရေလှောင်တမံမှ မိတ္ထီလာ–ကျောက်ပန်းတောင်းလမ်းအတိုင်း ဆက်လက်ထွက်ခွာကြရာ နံနက်၁၀နာရီခွဲတွင် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ညောင်ကုန်းကျေးရွာအနီးရှိ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းလုပ်ငန်းတစ်ခုဖြစ်သည့် ညောင်ကုန်းရေလှောင်တမံသို့ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ညောင်ကုန်းရေလှောင်တမံ၏စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညောင်ကုန်းရေလှောင်တမံ တည်ဆောက်မှုလုပ်ငန်း၏မြေကြီးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

## မိတ္ထီလာကန်ရေကူးပေးပို့

အဆိုပါ ညောင်ကုန်းရေလှောင်တမံသည် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာ–ကျောက်ပန်းတောင်းကားလမ်းမှ တောင်ဘက်လေးမိုင်အကွာ ညောင်ကုန်းကျေးရွာအနီးတွင်တည်ရှိပြီး မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေး စီမံချက်အရ မိတ္ထီလာကန်သို့ ရေကူးပေးရန်နှင့် ပျော်ဘွယ်မြို့နယ်ရှိ ချောင်းကောက်ရေလှောင်တမံနှင့် မိတ္ထီလာကန်အကြားရှိ ရေပို့ရေလျှံများကို ထိရောက်စွာအသုံးပြုနိုင်ရန်ရည်ရွယ်၍ အလျားပေ ၆၄၀၀၊ အမြင့်ပေ ၄၀ရှိ မြေသားတမံဖြင့် ရေဧကပေ ၃၅၀၀ကို ကန်ရေပြည့်သိုလှောင်နိုင်ရန် တည်ဆောက်မည်ဖြစ်သည်။ ထို့အပြင် အလျားပေ ၅၁၀၊ အကျယ် ပေ ၃၀ရှိ သံကူကွန်ကရစ် (Broad Crest Type)ရေပိုလွှဲကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး အချင်းတစ်ပေရှိ ရေထုတ်ပြွန်ကို အလျားပေ ၁၂၀ထားရှိကာ ဆက်သွယ် တူးမြောင်းအလျား ၄ဒသမ၅မိုင်ဖြင့် မိတ္ထီလာကန်သို့ ရေကူးပေးပို့သွားမည်ဖြစ်ကြောင်းသိရှိရသည်။

အဆိုပါအစည်းအဝေးသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဌာနဆိုင်ရာတို့မှတာဝန်ရှိပုဂ္ဂိုလ်များ၊ မန္တလေးတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ ကျောက်ဆည်၊ ရမည်းသင်းနှင့် မိတ္ထီလာခရိုင်တို့မှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များ၊ ရမည်းသင်း၊ ပျော်ဘွယ်နှင့် တပ်ကုန်းမြို့နယ်တို့မှ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ တက်ရောက်ကြသည်။

## ပူးပေါင်းကြိုးပမ်း

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ပထမအဆင့်အနေဖြင့် နည်းလမ်းသုံးသွယ်ချမှတ်ဆောင်ရွက်ရန် ချမှတ်ပေးခဲ့ပြီး ထိုလုပ်ငန်းများကို နှစ်နှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ သတ်မှတ်ထားသောလုပ်ငန်းများအနက် တချို့စတင်နေပြီဖြစ်သော်လည်း လုပ်ငန်းအားလုံးတစ်ပြိုင်နက်တည်းပြီးစီးရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းတွက်ချက်၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လိုအပ်သောစက်ယန္တရား၊စက်သုံးဆီ၊လုပ်အားတို့ကို စနစ်တကျပေါင်းစပ်တွက်ချက်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ထို့အတူ စီမံကိန်းလုပ်ငန်းများစီစဉ် ဆောင်ရွက်ကြမည့်လုပ်ငန်း အစီအစဉ်များကိုလည်း စနစ်တကျသတ်မှတ်ဆောင်ရွက်ကြရန်၊ အားလုံးဝိုင်းဝန်း ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

## စိမ်းလန်းစိုပြည်ရေး

ထို့နောက် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းနှင့် မန္တလေးတိုင်း မိုးစပါးစိုက်ဧက ၁၀သိန်းပြည့်မီအောင်ဆောင်ရွက်ရေးလုပ်ငန်းများကို ပဏာမရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းနှင့် မန္တလေးတိုင်း မိုးစပါးစိုက်ဧက ၁၀သိန်းပြည့်မီအောင် ဆောင်ရွက်ရေးလုပ်ငန်းတို့သည် တစ်ပေါင်းတည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းတို့ကိုဆောင်ရွက်ရာတွင် လုပ်ငန်းဌာနအလိုက်ဆောင်ရွက်ရမည့် ကဏ္ဍများကို စနစ်တကျသတ်မှတ်ထားရှိလုပ်ဆောင်ကြရန်ဖြစ်ကြောင်း၊ လိုအပ်ချက်များကိုလည်း တိကျစွာတွက်ချက်တင်ပြတောင်းခံကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းအသစ်များကို ပြီးစီးအောင်မြင်ရုံသာမက ရှိရင်းစွဲဖြစ်သော ဆည်နှင့်မြောင်းများကိုလည်း အခြေအနေနှင့်အညီပြုပြင်မွမ်းမံထိန်းသိမ်းသွားကြရန်လည်းလိုအပ်ကြောင်း၊ ဌာနဆိုင်ရာ အသီးသီးသည် မိမိတို့၏သက်ဆိုင်ရာကဏ္ဍများကို စနစ်တကျသတ်မှတ်ပြီး အောင်မြင်အောင်လုပ်ဆောင်သွားကြရန်ဖြစ်ကြောင်းဖြင့်မှာကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

**(သတင်းစဉ်)**

# သဲကုန်းမြို့နယ် လယ်မြေများသဲဖုံးလွှမ်းမှုမှ ကာကွယ်တားဆီးနိုင်ပြီ

ဗဇ္ဇ
(သစ်တော)

သဲကုန်းမြို့နယ်သည် ပဲခူးတိုင်း ပြည်ခရိုင်အတွင်း ရန်ကုန်–ပြည်မီးရထားလမ်းပေါ်တွင် မြောက်လတ္တီတွဒ် ၄၈ဒီဂရီ–၂၅မိနစ်နှင့် ၄၈ဒီဂရီ–၄၇မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ–၁၇မိနစ်နှင့် ၉၅ဒီဂရီ–၃၅မိနစ် ကြားတွင်တည်ရှိသည်။ မြောက်ဘက်တွင် ပြည်မြို့နယ်၊ အရှေ့ဘက်တွင် ပေါက်ခေါင်းမြို့နယ်၊ တောင်ဘက်တွင် ပေါင်းတည်မြို့နယ်နှင့် အနောက်ဘက်တွင် ရွှေတောင်မြို့တို့ တည်ရှိသည်။ မြေမျက်နှာသွင်ပြင်အားဖြင့် ပဲခူးရိုးမနှင့်ဆက်စပ်နေသည့် ကုန်းမြင့်ပိုင်းမှသည် အလယ်ပိုင်းသို့ တဖြည်းဖြည်းနိမ့်ဆင်းလာပြီး မြေညီလွင်ပြင်များဖြစ်၍ ရေဝပ်သော မြေနိမ့်ချိုင့်ဝှမ်းဖြစ်ပြီး ၎င်းကို အင်းမအင်းဟုခေါ်သည်။ အင်းမအင်းမှာ အလျား ခုနစ်မိုင်ခန့်နှင့် အနံ တစ်မိုင်ခန့်ရှိသည်။ အင်းမအင်းသည် တောင်ဘက်သို့ မြစ်မခချောင်းအဖြစ် စီးဆင်းပြီး လှိုင်မြစ်နှင့် ဆက်စပ်သွားသည်။မြေမျက်နှာပြင် ညီညာသောကြောင့် လယ်မြေများ ပေါများသည်။



ဇီဝဓာတ်ငွေ့ နွားချေးမွှေကန်ကို တွေ့ရစဉ်။

သဲကုန်းမြို့နယ်အတွင်း ရှားပြင်၊ တရုတ်မှော်နှင့် ရွှေကျွန်းတော သစ်တောကြိုးဝိုင်း သုံးခုရှိပြီး ဧရိယာစုစုပေါင်း ၃၆၅၁၅ဧကရှိသည်။ သဲကုန်းမြို့နယ်ရှိ ရွှေကျွန်းတောသစ်တောကြိုးဝိုင်း ၂၅၄ဧကတွင် ၁၉၆၅ခုနှစ်မှ ၁၉၇၁ခုနှစ်အထိ တည်ထောင်ခဲ့သော ကျွန်းစိုက်ခင်း ၁၄၇ဧကသည် ရန်ကုန်–ပြည်ကားလမ်းဘေး ပျားစည်ရွာအနီးတွင် တည်ရှိပြီး ကျွန်းစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းမှုကို ခရီးသွားရင်း ကြည့်ရှုခံစားနိုင်သည်။ ရှားပြင်သစ်တောကြိုးဝိုင်းသည် သဲကုန်းမြို့ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး စုစုပေါင်း ၄၆၃၀၀ဧကရှိသည်။ သဲကုန်းမြို့နယ်တွင် ၂၅၉၃၄ဧကပါဝင်၍ ကျန်၂၀၃၆၆ဧကမှာ ပြည်မြို့နယ်တွင် ၈၄၁ဧက၊ ပေါက်ခေါင်းမြို့နယ်တွင် ၁၅၈၂၆ဧကနှင့် ပေါင်းတည်မြို့နယ်တွင် ၃၆၉၉ဧကတို့တည်ရှိသည်။ ယခင်က ကျွန်း၊ ပျဉ်းကတိုး၊ သစ်ယာ၊ အင်ကြင်းတို့ သဘာဝအလျောက် ပေါက်ရောက် သောအင်တိုင်းတောနှင့် (Low Indaing Forest) အမျိုးအစား ဖြစ်၍ ဒေသခံ ပြည်သူလူထုအတွက် ထင်းရရှိရန် ဒေသန္တရထောက်ပံ့ရေး အလုပ်တိုက်နယ် (Local Supply Working Circle )အဖြစ် တည်ထောင်ခဲ့သည်။ လမ်းပန်းဆက်သွယ်ရေးလွယ်ကူသော ဒေသဖြစ်သဖြင့် နီးစပ်သောမြို့နယ်များမှ ဒေသသုံးအတွက် ထင်း၊ မီးသွေး၊ မျှောတိုင် ထုတ်ယူသုံးစွဲမှုများပြားခြင်း၊ သီးနှံစိုက်ပျိုးရန်ယာမြေ တိုးချဲ့ခြင်းများကြောင့် ကြိုးဝိုင်းသစ်တောများ တဖြည်းဖြည်းပျက်စီးဆုတ်ယုတ်လာသည်။

အကြောင်းအမျိုးမျိုးကြောင့် တောများပျက်စီးပြုန်းတီးခဲ့ရပြီး ကြိုးဝိုင်းမြေများတွင် သဲဖုံးလွှမ်းခဲ့သည်။ ရှားပြင် ကြိုးဝိုင်းမှ တိုက်စားသယ်ယူခဲ့သော သဲများကြောင့် သဲကုန်းမြို့နယ်ရှိ သဲဖြူချောင်း၊ သိုက်တောမချောင်း၊ သဲကုန်းချောင်းများ တိမ်ကောလာပြီး ချောင်းကျိုး၍ လယ်ယာမြေများတွင် သဲဖုံးလွှမ်းခြင်းစသည့် ဆိုးကျိုးများ ဖြစ်ပေါ်လာခဲ့သည်။

သဲဖြူချောင်း၊ သိုက်တောမချောင်းနှင့် သဲကုန်းချောင်းတို့မှာ ရှားပြင်ကြိုးဝိုင်းမှ စတင်၍ သဲကုန်းမြို့နယ် အရှေ့မြောက်ဘက်မှ ဖြတ်သန်းကာ အင်းမအင်းအတွင်း စီးဝင်သည်။ မြေပြန့်လွင်ပြင်များကို ဖြတ်သန်းစီးဆင်းသော သဲချောင်းများဖြစ်၍ ရေစီးကြမ်းပြီး မကြာခဏ ကျိုးပေါက်တတ်ကြောင်း၊ လယ်ယာမြေများကို ထိခိုက်စေတတ်သော ချောင်းများဖြစ်သည်။ သဲကုန်းချောင်းကျိုးပေါက်မှုကြောင့် လယ်မြေများ သဲဖုံးလွှမ်းမှုရှိခဲ့သည်။ ယခုအခါ အဆိုပါချောင်းသုံးချောင်းမှာ မြောက်နဝင်းဆည်မှ မြောင်းလက်တံနှင့် ဆက်စပ်ထားပါ၍ ရေစီးဆင်းမှုမှာ ဆည်ရေပမာဏနှင့် ဆက်စပ်မှီတည်နေသည်။

ရှားပြင်ကြိုးဝိုင်းအတွင်း သဘာဝသစ်တောများ ပျက်စီးပြုန်းတီးခြင်းနှင့် ၎င်း၏ အကျိုးဆက်ဖြစ်သည့် သဲကုန်းမြို့နယ်အတွင်း သဲဖြူချောင်း၊ သိုက်တောမချောင်းနှင့် သဲကုန်းချောင်းတို့တွင် သဲဖုံး၍ မကြာခဏ ကျိုးပေါက်



ဒီဇယ်အင်ဂျင်ကို ဓာတ်ငွေ့ဖြင့် စက်လည်ပတ်စဉ်။

စေသည့် ဖြစ်စဉ်အား ကုစားနိုင်ရန်အလို့ငှာ သစ်တောဦးစီးဌာနအနေဖြင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား အစီအမံများချမှတ်၍ စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ရှားပြင်ကြိုးဝိုင်း တည်ရှိသည့် သဲကုန်းမြို့နယ်တွင် ကျွန်းစိုက်ခင်း ဧက ၁၀၀၊ ပေါက်ခေါင်းမြို့နယ်တွင် ကျွန်းစိုက်ခင်း ဧက ၅၀၊ ပေါင်းတည်မြို့နယ်တွင် ကျွန်းစိုက်ခင်း ဧက ၅၀၊ စုစုပေါင်း ကျွန်းစိုက်ခင်း ဧက ၂၀၀အား ၂၀၀၄ခုနှစ်၊ မိုးရာသီတွင် စိုက်ပျိုးတည်ထောင်ခဲ့ပြီး ဖြစ်သည်။ ရှားပြင်ကြိုးဝိုင်းအတွင်း ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ကျွန်းစိုက်ခင်း ဧက၁၀၀၀နှင့် ရေဝေရေလဲ စိုက်ခင်း ဧက ၁၀၀၀ တည်ထောင်ရန် လျာထားသည်။

သဲကုန်းမြို့နယ်အတွင်းရှိ သဲဖြူချောင်း၊ သိုက်တောမချောင်း၊ သဲကုန်းချောင်းတစ်လျှောက်တွင် သဲဖုံးလွှမ်းသဖြင့် ပတ်ဝန်းကျင်ရှိ လယ်မြေများအတွင်း သဲပို့ချခြင်းကို ဟန့်တားနိုင်ရန်အတွက် အဆိုပါ ချောင်းသုံးချောင်း၏ ဘေးဝဲယာတွင် မဲဇလီပင် ၉၄၅၀ကို ၁၁–၇–၂၀၀၄ ရက်နေ့က သစ်ပင်စိုက်ပွဲတော် ကျင်းပပြုလုပ်၍ စိုက်ပျိုးခဲ့ပြီး ဖြစ်သည်။

ရှားပြင်ကြိုးဝိုင်းအတွင်း နုန်းတားပင်တန်းအဖြစ် မဲဇလီပင်များ အတန်းလိုက် စိုက်ပျိုးခြင်း၊ ပတ်ဝန်းကျင် ကျေးရွာများတွင် ကျေးရွာသုံး ထင်းစိုက်ခင်း တည်ထောင်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

သဲကုန်းမြို့နယ်ရှိ သဲကုန်းကြီးချောင်းသည် ရှားပြင်ကြိုးဝိုင်းမှ ချောင်းဖျားခံကာ ၁၆မိုင်ရှည်လျားပြီး ဈေးချောင်းအတွင်း စီးဝင်၍ ယင်းမှတစ်ဆင့် အင်းမ အင်းအတွင်းသို့ စီးဝင်သည်။ ၁၉၄၈ ခုနှစ် မတိုင်မီက သဲကုန်းကြီးရွာအနီးမှ ဖြတ်သန်းသွားခဲ့သော်လည်း ယခုအခါ တောင်ဘက်ရှိ ရွာထောင်ကုန်းရွာ အနီးမှ ပြောင်းလဲ၍ ဖြတ်သန်းစီးဆင်းခဲ့သည်။ သဲကုန်းကြီးချောင်းသည် ၁၉၆၀ပြည့်နှစ်တွင် ချောင်းကျိုး၍ တောင်သူ၈၅ဦး၏ လယ်မြေဧက ၂၅၀ နှင့် ၂၀၀၃–၂၀၀၄ ခုနှစ်တွင် တောင်သူ ၂၅ဦး၏ လယ်မြေ ၇၅ဧကတို့အား သဲဖုံးလွှမ်းခဲ့သည်။ ထိုလယ်မြေများတွင် အင်းမရဲဘော်၊ မှော်ဘီ(၂)နှင့် မနောသုခ စပါး မျိုးများ စိုက်ပျိုးကြသည်။ သဲမဖုံးလွှမ်းမီက တစ်ဧကလျှင် စပါး ၆၅တင်း မှ တင်း ၇၀ ထိ ထွက်ရှိခဲ့သော်လည်း သဲဖုံးလွှမ်းပြီးနောက်တွင် တစ်ဧက စပါး ၃၀မှ ၃၅တင်းအထိသာ ထွက်ရှိတော့သည်။ သဲကုန်းကြီးချောင်းကျိုး၍ လယ်များကို သဲဖုံးလွှမ်းပါက စပါးအစား ဖရဲ၊ မြေပဲစသည်တို့ကို စိုက်ပျိုးနိုင်ပြီး နောင်နှစ်များတွင်မှ စပါးပြန်လည်စိုက်ပျိုးနိုင်သည်။

သိုက်တောမချောင်းသည် ရှားပြင်ကြိုးဝိုင်းမှ စတင်ချောင်းဖျားခံကာ ခုနစ်မိုင်ရှည်လျားပြီး ဈေးချောင်းအတွင်း စီးဝင်သည်။ ၁၉၉၀ပြည့်နှစ်တွင် ချောင်းကျိုး၍ တောင်သူ ၁၀ဦး၏ လယ်ရှစ်ဧကတွင် သဲဖုံးလွှမ်းခဲ့သော်လည်း ယခုအခါ မြေသားများကောင်းမွန်လာသဖြင့် မနောသုခ၊ တောင်ပေါ်ရင်စပါးမျိုးများ စိုက်ပျိုးလျက်ရှိရာ တစ်ဧက ၃၅ တင်းခန့် ထွက်ရှိသည်။

သဲဖြူချောင်းသည် ရှားပြင်ကြိုးဝိုင်းမှ စတင်ချောင်းဖျားခံကာ ခြောက်မိုင်ရှည်လျားပြီး ဈေးချောင်းအတွင်းစီးဝင်သည်။ ၁၉၈၁ခုနှစ်မတိုင်မီက ချောင်းကျိုး၍ တောင်သူ၁၇ဦး၏ လယ်၃၀ဧကတွင် သဲဖုံးလွှမ်းခဲ့သော်လည်း ယင်းနောက်ပိုင်းတွင် သဲဖုံးလွှမ်းမှုမရှိတော့ပါ။ သဲဖြူချောင်းတစ်ဝိုက်ရှိ လယ်မြေများတွင် မနောသုခ၊ တောင်ပေါ်ရင် စပါးများ စိုက်ပျိုးလျက်ရှိသည်။



ဇီဝဓာတ်ငွေ့ထုတ်လုပ်ရန်နှင့် ပစ္စည်းဟောင်းများ စွန့်ပစ်ကန်။

**သဲကုန်းမြို့နယ်သည် ၂၀၀၄–၂၀၀၅ခုနှစ်မှ ၂၀၀၈–၂၀၀၉ခုနှစ်အထိ ငါးနှစ်အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိသည့် ပဲခူးရိုးမ စိမ်းလမ်း စိုပြည်ရေးလုပ်ငန်းဧရိယာတွင် ပါဝင်သည်။ ယခုအခါ ပဲခူးရိုးမ နှင့် ဆက်စပ်လျက်ရှိသော ရှားပြင်ကြိုးဝိုင်း စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများကို အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသဖြင့် သဲကုန်း မြို့နယ်ရှိ သဲဖြူချောင်း၊ သိုက်တောမချောင်းနှင့် သဲကုန်းချောင်းများအတွင်း ရေစီးရေလာကောင်းမွန် လာပြီ ဖြစ်သည်။ ချောင်းကော၍ မိုးရာသီတွင် ချောင်းကျိုးသဖြင့် ပတ်ဝန်းကျင်ရှိ လယ်များအတွင်း သဲပို့ချခြင်းကို ကာကွယ်နိုင်မည်။**

**ပြည်ခရိုင် သဲကုန်းမြို့နယ်သည် ၂၀၀၄–၂၀၀၅ခုနှစ်မှ ၂၀၀၈–၂၀၀၉ခုနှစ် အထိငါးနှစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပဲခူးရိုးမ စိမ်းလန်း စိုပြည်ရေးလုပ်ငန်း ဧရိယာတွင် ပါဝင်သည်။ ယခုအခါ ပဲခူးရိုးမနှင့် ဆက်စပ်လျက်ရှိသော ရှားပြင်ကြိုးဝိုင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသဖြင့် သဲကုန်းမြို့နယ်ရှိ သဲဖြူချောင်း၊ သိုက်တောမချောင်းနှင့် သဲကုန်းချောင်းများအတွင်း ရေစီးရေလာကောင်းမွန် လာပြီ ဖြစ်သည်။ ချောင်းကော၍ မိုးရာသီတွင် ချောင်းကျိုးသဖြင့် ပတ်ဝန်း ကျင်ရှိလယ်များအတွင်း သဲပို့ချခြင်းကို ကာကွယ်နိုင်မည်** ဖြစ်ကြောင်း ရေးသားလိုက်ရသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား

**၁၂–၁၁–၂၀၀၄(သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ လုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀ ၆။ ကြေးမုံရုပ်သွင်တေးနုယဉ်
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ English for Everyday Use

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၂၅ ၇။ **‘သစ်ကောင်းတစ်ပင်’** (နုဒီစိုး၊ ပြည့်စုံရှင်၊ ကျော်မျိုးဟိန်း၊ မိုးယံထက်၊ ရန်ပိုင်စိုး၊ မောင်ဂဋ္ဌုန်) (ဒါရိုက်တာ–မိုးထက်လူ)(သစ်တော)
၁၇:၄၀ ၈။ နည်းစနစ်မှန်မှန်အားကစား အခြေခံ
၁၇:၅၀ ၉။ ဂီတမဟာပျော်စရာ
၁၈:၁၅ ၁၀။ Discovery.
၁၈:၂၀ ၁၁။ မှုဟန်သွယ်သွယ်ဆိုကြမယ်
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“လူချွန်လူကောင်း”** (အပိုင်း–၂၈)
၁၉:၃၅ ၁၅။ နှောင်းခေတ်တေးပဒေသာ
၁၆။ **‘အလှဆင်တော့မည် တံတားရောဝတီ’** (ဧရာဝတီတံတား ရတနာပုံ)
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပညာရှင်ကြီးများ၊ အကဲဖြတ်ဒိုင်များနှင့် မျိုးဆက်သစ်တို့၏ ဖျော်ဖြေမှုအစီအစဉ်

## ထန်းတပင် အထကမြွတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ သတ္တမအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် လှိုင်ရတနာခန်းမ၌ကျင်းပမည်ဖြစ်သည်။

၁၉၅၃ ခုနှစ်မှစပြီး သင်ကြားပြသခဲ့ကြသော အငြိမ်းစားဆရာ ဆရာမများသည် ပင့်ဖိတ်လွှာမရရှိသော်လည်း ကြွရောက်အပူဇော်ခံကြပါရန်နှင့် ကျောင်းသားဟောင်းများအနေနှင့်လည်း စုံစုံညီညီတက်ရောက် ပူဇော်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**





၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

☆ *ကျောဖုံးမှ*

ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

### တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နှစ်(၆၀) ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

### အချိန်နှင့်တစ်ပြေးညီ

ရှေးဦးစွာ ၂၀၀၅ ခုနှစ် နှစ်(၆၀) ပြည့် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကြီးကို ခမ်းနားထည်ဝါစွာဖြင့် ကျင်းပနိုင်ရေးအတွက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီကချမှတ်ထားသည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နှစ်(၆၀)ပြည့်တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဝင်များနှင့်လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက မိမိတို့တာဝန်ယူ ဆောင်ရွက်ကြရမည့် လုပ်ငန်းများကို အနှစ်သာရရှိစွာဖြင့် အချိန်နှင့် တစ်ပြေးညီ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းစစ်ဌာနချုပ်မှဦးစီးအရာရှိ(ပထမတန်း) စစ်ရေး ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က စီမံခန့်ခွဲရေးကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### လုပ်ငန်းစဉ်များ

ဆက်လက်၍ စစ်ရေးပြလုပ်ငန်းအဖွဲ့၊ ကွင်းပြင်ဆင်ရေးလုပ်ငန်းအဖွဲ့၊ သယ်ယူပို့ဆောင်ရေးနှင့်နေရာချထားရေးလုပ်ငန်းအဖွဲ့၊ ပြန်ကြားရေးနှင့်ဖျော်ဖြေရေးလုပ်ငန်းအဖွဲ့၊ ဖိတ်ကြားရေးလုပ်ငန်းအဖွဲ့၊ ဆေးကာကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဧည့်သည်တော်များ ကြိုဆိုဧည့်ခံရေး လုပ်ငန်းအဖွဲ့၊ အကောင်းဆုံးစစ်ရေးပြတပ်ခွဲရွေးချယ်စိစစ်ရေးလုပ်ငန်းအဖွဲ့၊ ကြိုဆိုရေးလုပ်ငန်းအဖွဲ့၊ လုံခြုံရေးလုပ်ငန်းအဖွဲ့၊ စခန်းအုပ်ချုပ်ရေးအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက မိမိတို့လုပ်ငန်းအဖွဲ့များအလိုက် ဆောင်ရွက်ကြမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့်မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများကအဖွဲ့အလိုက် ပါဝင်ဆောင်ရွက်ကြမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ခံ့ညားထည်ဝါစွာ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက နှစ်(၆၀)ပြည့် တပ်မတော်နေ့ အခမ်းအနားကြီးကို ခံ့ညားထည်ဝါစွာနှင့် စည်းကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ တက်ရောက်အားပေး

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပဲခူးတိုင်း အနောက်ပိုင်း ပြည်ခရိုင် ရွှေတောင်မြို့နယ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၈ရက် နံနက် ၈နာရီတွင် ရွှေတောင်မြို့ ကြာနီကန်ကျေးရွာအုပ်စု တည်ကုန်းကျေးရွာ တောင်သူ ဒေါ်သောင်းရီ၏ ဆင်းသွယ်လတ် မိုးစပါးစိုက်ခင်း၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းစိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းမှု ကော်မတီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ကြာနီကန် ကျေးရွာအုပ်စုနှင့် ကြို့ကုန်းကျေးရွာအုပ်စုတို့မှ ကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူဦးကြီးများ တက်ရောက်ကြသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက ဒေသခံတောင်သူဦးကြီးများကို လည်းကောင်း၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ တိုင်းစိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များကိုလည်းကောင်း ရင်းရင်းနှီးနှီး တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆင်းသွယ်လတ်စံကွက်ရိတ်သိမ်းပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဟသ်ာတမြို့ အထက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ဟသ်ာတမြို့ အထက(၁) ၏ (၂၉)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ဒီဇင်ဘာ ၆ ရက် နံနက် ၈နာရီတွင် အထက(၁) ဟသ်ာခန်းမတွင် ကျင်းပရန်စီစဉ်ထားသည်။

ဟသ်ာတမြို့ အထက(၁) တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ကန်တော့ခံ အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ဖိတ်ကြားထားပြီးဖြစ်ရာ ဖိတ်စာ မရရှိပါကလည်း အပူဇော်ခံပွဲသို့ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အလှူငွေများကို ဦးသိန်းဖေ ဟသ်ာတမြို့ ဖုန်း-၀၄၄-၂၁၂၉၃၊ ဦးလှအောင် ဟသ်ာတမြို့ ဖုန်း-၀၄၄-၂၁၃၈၉၊ ဦးမောင်မောင် ဟသ်ာတမြို့ ဖုန်း-၀၄၄-၂၁၅၃၂၊ ဦးဌေးအောင် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၈၄၈၈၊ ၀၁-၂၄၉၁၂၂၊ ဦးခိုင်ထွန်းအောင် ရန်ကုန်မြို့ ဖုန်း-၀၁-၆၅၁၀၅၃၊ ဒေါက်တာအောင်ဝင်း ဖုန်း-၀၁-၂၉၆၄၁၄ နှင့် ၀၁-၂၀၂၅၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**


## သာယာမည်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။**


## အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/ အခွန်နှင့်စီးပွား/ ကူးသန်းသရေကျ

**ရန်ကုန် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် စတုတ္ထအကြိမ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာ/ အခွန်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိ သရေပွဲ ဖြစ်သွားသည်။

(ခခ)အုပ်စုတွင်မြို့တော်စည်ပင်အသင်းက တစ်ပွဲနိုင်သုံးမှတ်၊ ဘဏ္ဍာ/ အခွန်အသင်းက တစ်ပွဲသရေ တစ်မှတ်၊ စီးပွား/ကူးသန်းအသင်းက တစ်ပွဲ သရေ တစ်မှတ်ရရှိထားပြီး ပတ္တမြားနဂါး အသင်းက တစ်ပွဲရှုံး အမှတ်မရသေးပေ။

### ယနေ့ပွဲမရှိ

နိုဝင်ဘာ၁၂ရက်တွင် ပွဲမရှိဘဲ နိုဝင်ဘာ၁၃ရက် ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ (ကက)အုပ်စုမှ ပို့ဆောင်ရေးအသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**



ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူးရုံး၏ အစီအစဉ်ဖြင့် သဃ်န်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်သန်းဦး ခေါင်းဆောင်သော သန္တေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၁၀ရက်က ရန်ကုန်သစ်ရပ်ကွက်တွင်းအရှိ လူနေအိမ်များနှင့်အလုပ်ရုံ လုပ်ငန်းများသို့ ကွင်းဆင်း၍ ကြည့်ရှုစစ်ဆေးစဉ်။ (၀၅၂)

## ချင်းတွင်းမြစ်ကူးတံတား(မုံရွာ) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ချင်းတွင်းမြစ်ကူးတံတား(မုံရွာ) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၃)နှင့် (၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂)နှင့် (၃)အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ချင်းတွင်းမြစ်ရေကျဆင်းလာပြီး ရေလမ်းကြောင်းပြောင်းလဲမှု အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို နိုဝင်ဘာ ၅ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၇)နှင့်(၈) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၆)နှင့်(၇)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၀၀ ရှိပြီး ကင်းလွတ်အမြင့်မှာ ပေ ၄၀ ရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပြီး မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်း ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်း သတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## ရန်ကုန်စက်မှုတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်စက်မှုတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ကြသော မြို့ပြအင်ဂျင်နီယာကျောင်းသားကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာအတွင်း ကျင်းပမည်ဖြစ်ရာ ဦးမြင့်စိုး ဖုန်း-၆၈-၅၃၅၇၆၂၊ ဦးခင်မောင်တင့် ဖုန်း-၆၉-၀၉-၈၀-၃၀၇၂၁၊ ဦးဦးမောင် ဖုန်း-၇၁-၂၉၁၀၇၀၊ ဦးကိုကိုကြီး ဖုန်း-၇၃-၀၉-၅၀-၁၀၃၈၆၊ ဒေါက်တာစိုးသိန်း ဖုန်း-၇၅-၇၂၀၂၅၉၊ ဦးရဲထွဋ်သိန်း ဖုန်း-၇၆-၆၆၃၄၃၉၊ ဒေါ်ကြည်ငွေ ဖုန်း-၇၈-၅၃၈၈၆၁၊ ဒေါ်အောင်အောင်လှ ဖုန်း-၈၁-၆၄၂၂၄၇၊ ဒေါ်နုနုထွေး ဖုန်း-၈၃-၅၆၀၅၀၅နှင့်ဦးမျိုးမြင့် ဖုန်း-၈၅-၀၉-၉၉-၂၅၈၁၀ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**


**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် နိုဝင်ဘာ ၉ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၀၀၇၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဧရာဝတီတိုင်း တိုင်း၊ ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့်တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၁၁

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့သည် နိုဝင်ဘာ ၈ ရက် ညပိုင်းက ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက အသင်းဝင်များအနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် ပြည်သူများနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လုပ်ငန်းတာဝန်ကြီး (၅)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်ရေးတို့ကို မှာကြားဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် အသင်းဝင်များက အသင်းကြီး၏ ဆောင်ရွက်ချက်များကိုတင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**စဉ့်ကူမြို့လုံးဆိုင်ရာ အကြိမ်(၃၀)မြောက် ဆွမ်းဆန်လောင်းလှူပွဲကို အောက်တိုဘာ ၂၈ရက် (သီတင်းကျွတ်လပြည့်)နေ့ မွန်းလွဲ ၂ နာရီက ချောက်-ညောင်ဦး ကားလမ်းပေါ် စဉ့်ကူစာတိုက်အနီး လမ်းတစ်လျှောက်၌ ကျင်းပရာ အလှူရှင်များက ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ၊ စာရေးတံမဲများ ဆက်ကပ်လောင်းလှူစဉ်။** (ဝင်မြ)

## ဘုရင့်နောင်ဈေးကြီးမဟာဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီးတာဝန်ခံရုံးနှင့် ဈေးသာယာရေးအဖွဲ့က ဦးဆောင်၍ (၁၅)ကြိမ်မြောက် မဟာဘုံကထိန်ပွဲကို နိုဝင်ဘာ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ရာ သီရိမင်္ဂလာကျောင်းတိုက်ဆရာတော်နှင့် ပင့်သံဃာ၇၅ပါးတို့အား အရုဏ်ဆွမ်းကပ်လှူပြီး ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းကာ ငွေကျပ် သိန်း၇၀ခန့် တန်ဖိုးရှိလှူဖွယ်ပစ္စည်း ပဒေသာပင် ၂၅ ပင် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ယင်းနေ့နံနက်၅နာရီတွင် တိပိဋကရေဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ(ရေစကြိုဆရာတော်)မှ ကထိန်အနုမောဒနာ တရားတော်ကို ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**



**နိုဝင်ဘာ ၉ရက်က ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကျိုင်းတုံလေယာဉ်ပြေးလမ်း တိုးချဲ့ဖောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှု စစ်ဆေးစဉ်။** (ပို့ဆောင်ရေး)



**အထက(၃) တောင်ဥက္ကလာပ ၂၀၀၃-၂၀၀၄ပညာသင်နှစ်တက္ကသိုလ်ဝင်တန်း ပညာရည်ချွန် ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၆ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရှုကြည်က ငါးဘာသာဂုဏ်ထူးရ မစိမ့်မြတ်သူအားဆုချီးမြှင့်စဉ်။** (က-ပ)



**အောက်တိုဘာ ၂၇ရက်က ဒလ မြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၂၁)၏ အာစရိယပူဇော်ပွဲကိုကျောင်းခန်းမတွင် ကျင်းပရာ ဆရာဆရာမများအား ကျောင်းသားကျောင်းသူဟောင်းများက လက်ဆောင်ပစ္စည်းများနှင့် ပူဇော်ကန်တော့အပြီး တွေ့ရစဉ်။** (က-ပ)

# ပန်းဒဏ္ဍာရီဇာတ်ကား ရုံသုံးရုံအပြိုင်ဝင် ပြသဆဲ မြန်မာဇာတ်ကားများ ဆက်လက်ပြသ

ရန်ကုန် နိုဝင်ဘာ ၁၁

**ယခုသောကြာပတ်တွင် ရီမြင့်ရုပ်ရှင်ထုတ်လုပ်ရေးမှ မြို့တော်မောင်ယဉ်အောင်၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာဟိန်းစိုးရိုက်ကူးပြီး ရန်အောင်၊ မင်းမော်ကွန်း၊ မေသန်းနုနှင့်စိုးမြတ်နန္ဒာတို့ ခေါင်းဆောင်ပါဝင်ထားသော 'ပန်းဒဏ္ဍာရီ' ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် အပြိုင်ဝင်လာသည်။**

**ပန်းဒဏ္ဍာရီ** ဇာတ်ကားတွင် မိုးကုတ်သူဌေး ဦးထွန်းအောင်ဇော်နှင့် အင်ကျင်ရှာသူ မသူဇာတို့မှစခဲ့သည့် အချစ်ဇာတ်လမ်းမှာ ၎င်းတို့၏ သားသမီးများလက်ထက် ချစ်သူဘဝ ရောက်သည်အထိ အာဃာတများ၊ နာကြည်းမှုများ အမုန်းပွားမှုများ ရှင်သန်နေဆဲဖြစ်သည်။ ချစ်ခြင်းမေတ္တာ၏ အတိမ်အနက်ကို အလွမ်းအဆွေး၊ ကြည်နူးမှုများဖြင့် ပီပြင်စွာ ဖော်ကျူးရိုက်ကူးပြသထားသောမေတ္တာဘွဲ့ဇာတ်ကား တစ်ကားဖြစ်သည်။



**Spider Man 2ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။**

**ပန်းဒဏ္ဍာရီဇာတ်ကားမှ မင်းမော်ကွန်းနှင့် စိုးမြတ်နန္ဒာ။**



ရှေ့ဆောင်နှင့် မဟာမြိုင်ရုံများတွင် ဒါရိုက်တာညီညီထွန်းလွင် ရိုက်ကူးပြီး ရာဇာနေဝင်း၊ ရီဝေယံ၊ ထက်ထက်မိုးဦးတို့ပါဝင်သရုပ်ဆောင်ထားသော **နှစ်ယောက်တစ်ယောက်** ဇာတ်ကား ဆက်လက်ပြသနေသည်။

ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင် ရိုက်ကူးပြီး ဒွေး၊ ဖြိုးငွေစိုး၊ အိန္ဒြာကျော်ဇင်၊ အေးဝတ်ရည်သောင်း၊ နှင်းဝတ်ရည်သောင်း တို့ ခေါင်းဆောင် ပါဝင်သော **ရင်ခုန်သံ အရင်းနီးဆုံး** ဇာတ်ကား ဝဇီရာ၊ ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ဧရာဝတီ၊ မြဟံသာရုံများတွင် ပြသနေသည်။

## ရုပ်ရှင်သတင်းထောက်

မင်းသိခ်၏ဝတ္ထုကို ဒါရိုက်တာခင်စောမျိုး ရိုက်ကူးပြီး ကျော်သူ၊ ဇာဂနာ၊ အရိုင်း၊ ဆုပန်ထွာ၊ လှမျိုးသဉ္ဇာနွယ်တို့ ပါဝင်သရုပ်ဆောင်ထားသော **ဘာဘာ ဘာမှ မသိဘူး** ဇာတ်ကား ရွှေမန်း၊ စံပြ၊ သီတာ၊ မြရတနာနှင့် ပဒေသာရုံများတွင် ရုံဝင်လာသည်။

တန်းမြင့် မြို့မ ရုပ်ရှင်ရုံတွင် Rajini khan, Nagma တို့ပါဝင်သရုပ်ဆောင် ထားသော BAAshha ဇာတ်ကား ရုံဝင်လာသည်။

နေပြည်တော်ရုံတွင် အက်ရှင်သိပ္ပံဇာတ်ကားဖြစ်သော Spider man 2 ဇာတ်ကားရုံဝင်လာသည်။ နေရောင်ခြည်စွမ်းအင်ဖန်တီးတီထွင်သူ သိပ္ပံပညာရှင်၏ အန္တရာယ်ကို ပင့်ကူလူသားက သက်စွန့်ဆံဖျား ကာကွယ်တိုက်ခိုက်ပုံများကို ရိုက်ကူးပြသထားသောဇာတ် ကားဖြစ်သည်။

ရွှေဂုန်ရုံတွင် Privan shu, Rakesh, Sandau တို့ ပါဝင်သရုပ်ဆောင်ထားသော Tum Bin ဇာတ်ကား ရုံဝင်လာသည်။

နဝဒေးဥယျာဉ်တွင် ဒါရိုက်တာ Suneel Dharshan ရိုက်ကူးပြီး Ashay kumar, kareena kapoor တို့ ပါဝင်သရုပ်ဆောင်ထားသော Talaash ဇာတ်ကားပြသလျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**

## မိုးကုတ်ဝိပဿနာ အရှင်နန္ဒဝံသတရားပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားကြီးတိုက် ပခုက္ကူကျောင်းမှ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ သာသနဓဇ ဓမ္မာစရိယ သာသနဇောတိပါလ ဓမ္မာစရိယ ပရိယတ္တိသဒ္ဓမ္မဟိတ ဓမ္မာစရိယ ဝိနယဝိဒူ သာသနာပြုနယ်လှည့် ဓမ္မကထိက အရှင်နန္ဒဝံသ ဆရာတော် အရှင်သူမြတ်သည် ဧရာဝတီတိုင်း ကျိုက်လတ်မြို့(၈)လမ်း မစိုးရိမ်တိုက်သစ်စာသင်တိုက်၏ စုပေါင်းမဟာဘုံကထိန်နှင့် ကထိန်လျာသင်္ကန်းများ ကပ်လှူပူဇော်ပွဲကို နိုဝင်ဘာ ၁၉ ရက်(တန်ဆောင်မုန်းလဆန်း ၈ ရက်)သောကြာနေ့ မွန်းလွဲ ၁ နာရီတွင် ကထိန်တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

ထို့အပြင် ဘုံလုံချောင်းကျေးရွာရာသက်ပန် ငွေပဒေသာပင်တိုက်ကျောင်း ဓမ္မာရုံတွင် နိုဝင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ညစဉ် ၇ နာရီမှ စ၍ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားတော်များကို ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# (၁၆)ကြိမ်မြောက် မျက်စိဆရာဝန်ညီလာခံဖွင့်ပွဲကျင်းပ ဝန်ကြီးပါမောက္ခဒေါက်တာကျော်မြင့် အမှာစကားပြောကြား

**ရန်ကုန် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံဆရာဝန်အသင်း မျက်စိဆရာဝန်အဖွဲ့က ကြီးမှူးကျင်းပသော (၁၆)ကြိမ်မြောက် မျက်စိဆရာဝန်ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ မျက်စိအထူးကုဆရာဝန် ၁၄၅ ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးမြင့်၊ မြန်မာနိုင်ငံမျက်စိဆရာဝန် အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြင့်ခိုင်တို့က အမှာစကားပြောကြားကြသည်။

အဆိုပါညီလာခံကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ မျက်စိအထူးကုဆေးရုံကြီးတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး စာတမ်း ၂၁ စောင်ကို တင်သွင်းကြမည်ဖြစ်သည်။ ဆေးကုမ္ပဏီပြခန်းများနှင့်အတူ နိုဝင်ဘာ ၁၂ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဥဏ္ဏာစွမ်းရည်ပြိုင်

**နိုဝင်ဘာ ၁၁ရက်က လူမှုဝန်ထမ်းဦးစီးဌာန မူကြို(၁) လှိုင်၏ မိဘဆရာအသင်း နှစ်ပတ်လည် အခမ်းအနားနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲ၊ ဆုပေးပွဲ အခမ်းအနားတွင် မောင်မင်းသန့်ကိုမှ ခဲတံလေးကဗျာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရာ လက်ထောက်တိုင်း ဦးစီးအရာရှိ ဒေါ်ခင်ခင်စိုးနှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်ဒီပါထွန်းတို့ကြည့်ရှုအားပေးကြစဉ်။** (က-ပ)

## စစ်ကိုင်းတောင်ရိုးသီတဂူ အာယုဒါနဆေးရုံ ပြည်ပဆရာဝန်ကြီးများ မျက်စိအထူးကုဒါနပြုမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

သီတဂူသာသနာပြုအဖွဲ့သည် ပြည်ပနိုင်ငံများမှ ဆရာဝန်ကြီးများဖြင့် မျက်စိအထူးကုအစီအစဉ် ဆောင်ရွက်လာခဲ့သည်မှာ (၁၂)နှစ်မြောက်ဖြစ်သည်။ ယခုနိုဝင်ဘာ ၃ရက်မှ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၃၁ရက်အထိ အင်္ဂလန်၊ အမေရိကန်၊ မလေးရှား၊ စင်ကာပူ၊ ဘယ်လ်ဂျီယံနိုင်ငံများမှ မျက်စိအထူးကုဆရာဝန်များပါဝင်သော အဖွဲ့ပေါင်း ခုနစ်ဖွဲ့သည် သီတဂူအာယုဒါန ဆေးရုံတော်သို့ လာရောက်လုပ်အားဒါနပြုကြမည်ဖြစ်သည်။ မျက်စိဝေဒနာရှင် ရဟန်း၊ သာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ်များ လူမျိုးမရွေး ဘာသာမရွေး လာရောက် ကြိုတင်စာရင်းပေး စမ်းသပ်စစ်ဆေးကုသမှုခံယူနိုင်ပြီး ကြိုတင်စမ်းသပ်စစ်ဆေးမှုများကို နေ့စဉ်နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ပြည်တွင်းနှင့် ပြည်ပဆရာဝန်ကြီးများက ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **(က-ပ)**



## ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲ ပုဂံမြို့တွင်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ခရီးရှည် (Endurance) မြင်းစီးပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက် နံနက်၄နာရီက ပုဂံရှေးဟောင်း ယဉ်ကျေးမှု နယ်မြေ ဖွားစောသဘာဝခရီးသွားလုပ်ငန်းစခန်း၌ ကျင်းပသည်။

ပြိုင်ပွဲ၏ ခရီးရှည် ကီလိုမီတာ ၅၀ အတွက် ပထမ ၂၅ ကီလိုမီတာအား ဖွားစောစခန်းမှ တာလွှတ်ပြီး တူရွင်းတောင်ခြေကို ပတ်၍လည်းကောင်း၊ ဒုတိယနှင့် တတိယ ၁၅ ကီလိုမီတာနှင့် ၁၀ ကီလိုမီတာတို့အား ဖွားစောစခန်းမှ တာလွှတ်ပြီး ပုဂံမြို့ဟောင်းကိုပတ်၍လည်းကောင်း ယှဉ်ပြိုင်ကြပြီး ဖွားစောစခန်းသို့ နံနက် ၁၀ နာရီတွင် ပန်းဝင်ကြသည်။

### အကြီးတန်းပြိုင်ပွဲ

ပြိုင်ပွဲအပြီးတွင် အကြီးတန်းပြိုင်ပွဲ၌ ပထမဆုကို ဗဒင်-မြင်းအမည် ဒါဒါ(ဆိပ်ဖြူ)၊ ဒုတိယဆုကို စနေမောင်မောင်(ဂိုးရို့စ်)-မြင်းအမည် ဇာနီခင်(ပွင့်ဖြူ)၊ တတိယဆုကို ဇင်မင်း-မြင်းအမည် Spirip( ရန်ကုန်မြင်းစီးအသင်း)၊ စတုတ္ထဆုကို အောင်မိုး- မြင်းအမည် အောင်မင်းကျော် (ဖွားစော သဘာဝခရီးသွားလုပ်ငန်း)၊ ပဉ္စမဆုကို မယုယုလှိုင်-မြင်းအမည် ထိပ်တန်း(ဂိုးရို့စ်)တို့က ရရှိကြသည်။

### အငယ်တန်းပြိုင်ပွဲ

အငယ်တန်းပြိုင်ပွဲ၌ ပထမဆုကို ကစ်ကစ်-မြင်းအမည် ဖြူပြာမေ(ဂိုးရို့စ်)၊ ဒုတိယဆုကို အိသက်မွန်-မြင်းအမည် စကားဝါမေ(ရန်ကုန်မြင်းစီးအသင်း)၊ တတိယဆုကို အောင်သူထွန်း-မြင်းအမည် မိချော(ရန်ကုန်မြင်းစီးအသင်း)၊ စတုတ္ထဆုကို သန့်ဇင်-မြင်းအမည် ဖယ်သောင်( ရန်ကုန်မြင်းစီးအသင်း)၊ ပဉ္စမဆုကို ကြည်သာထွန်း- မြင်းအမည် ဂျူပီတာ(ရန်ကုန်မြင်းစီးအသင်း)၊ ဆဋ္ဌမဆုကို စုစုပုလဲ-မြင်းအမည် ရွှေတင်(ရန်ကုန်မြင်းစီးအသင်း) တို့က ရရှိကြသည်။

ဆုရရှိကြသူများအား ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူးဗိုလ်မှူးတင်အောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်လင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဦးငြိမ်းကျော်၊ အမှုဆောင်ဦးဉာဏ်လင်းနှင့် ဦးအောင်ဇော်မြင့်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

### ပါဝင်ယှဉ်ပြိုင်

အဆိုပါ ခရီးရှည် မြင်းစီး ပြိုင်ပွဲသို့ ဒေသအသီးသီးမှ မြင်းစီးအားကစားသမား အမျိုးသား ၂၂ ဦး၊ အမျိုးသမီး လေးဦး၊ အသက် ၁၆ နှစ်အောက် လူငယ်ခြောက်ဦး စုစုပေါင်း ၃၂ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံမှ ကမ္ဘာ့အဆင့်(၁) Endurance မြင်းစီးအားကစားသမားဖြစ်သော Dato Kamaruddin သည် ဧည့်သည်တော်အဖြစ် ပါဝင်ယှဉ်ပြိုင်စီးနင်းခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ဘောယန်မြူးနစ်အသင်း စတုဂတ်ကိုဂိုးပြတ်သွင်း

**ဖရန့်ဖွတ် နိုဝင်ဘာ ၁၁**

ဘောယန်မြူးနစ်အသင်းသည် ဘွန်ဒက်စ်လီဂါပြိုင်ဘက် စတုဂတ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ဂျာမနီဖလားကွာတားဖိုင်နယ်ပွဲစဉ်သို့ တက်ရောက်သွားပြီဖြစ်သည်။

ဟန်ဆာရော့စတာနှင့် ဖရိုဘတ်အသင်းတို့သည်လည်း ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ ဟန်ဆာအသင်းသည် ဒုတိယတန်းမှ အာလင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ ဖရိုဘတ်အသင်းသည် ပါဒါဘွန်အသင်းကိုပယ်နယ်တီဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြောင်းသိရသည်။

**အမ်အင်အေ၊ ရိုက်တာ**

## ချယ်လ်ဆီးအသင်းခေါင်းဆောင် ငါးနှစ်သက်တမ်းတိုးစာချုပ်

**လန်ဒန် နိုဝင်ဘာ ၁၁**

ချယ်လ်ဆီးနှင့်အင်္ဂလန်နောက်တန်းလူ ဂျွန်တယ်ရီသည် ၂၀၀၉ ခုနှစ်အထိ ချယ်လ်ဆီးအသင်းနှင့် ငါးနှစ်သက်တမ်း စာချုပ်ချုပ်ဆိုလိုက်ကြောင်း အဆိုပါ ကလပ်က အင်္ဂါနေ့၌ ကြေညာခဲ့သည်။

အဆိုပါ ချယ်လ်ဆီးအသင်းခေါင်းဆောင်သည် ယမန်နှစ်ဇူလိုင်လက ယခင်ကစာချုပ်ကို ချုပ်ဆိုခဲ့ကာ ချယ်လ်ဆီးကို ပရီမီးယားလိဂ်၏ ဒုတိယနေရာသို့ ပို့ပေးခဲ့သူဖြစ်သည်။

ထို့အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲများတွင်လည်း အကြိုဗိုလ်လုပွဲစဉ်သို့ ရောက်ရှိအောင်ကြိုးပမ်းဆောင်ရွက်ပေးခဲ့သူဖြစ်သည်။

တယ်ရီသည်သူ၏ သက်တမ်းကုန်ဆုံးချိန်၌ အသက် ၂၈နှစ်ရှိမည်ဖြစ်ကြောင်းပေါ်တူဂီနည်းပြ ဂျို့စ်မော်ရင်ဟိုက ပြောကြားသည်။

**အမ်အင်အေ၊ ရိုက်တာ**

# ကမ္ဘာတစ်လွှား အားကစား

## အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဝက်စ်ဘရွန်းအသင်းမန်နေဂျာဖြစ်လာ

**လန်ဒန် နိုဝင်ဘာ ၁၁**

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဘရိုင်ယန်ရော့ဘ်ဆင်သည် အင်္ဂလိပ်ပရီမီးယားလိဂ်အသင်းတစ်သင်းဖြစ်သော ဝက်စ်ဘရွန်းဝစ်အသင်း၏ မန်နေဂျာအဖြစ်ရွေးချယ်လိုက်ကြောင်း အဆိုပါကလပ်က ပြောကြားသည်။

အသက် ၄၇ နှစ်အရွယ်ရှိ ရော့ဘ်ဆင်သည် မန်ချက်စတာယူနိုက်တက်အသင်းသို့ မရောက်မီ ၁၉၇၅မှ ၁၉၈၁အထိ ပွဲပေါင်း ၁၉၈ပွဲ ပါဝင်ကစားခဲ့သည်။ သူသည် မစ်ဒယ်ဘရော့အသင်းနည်းပြအဖြစ် ခုနစ်နှစ်လုပ်ကိုင်ခဲ့သူဖြစ်သည်။

ပြီးခဲ့သော ရာသီက ဒုတိယတန်းမှ ဘရက်ဖို့စ်စီးတီးနည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။ ဝက်စ်ဘရွန်းဝစ်အသင်းသည် ပြီးခဲ့သော ပရီမီးယားလိဂ်ရာသီမှစ၍ အဆင့်မြှင့်တင် ကြိုးစားလာသောအသင်းဖြစ်သည်။

**အမ်အင်အေ၊ ရိုက်တာ**



**စီးရီးအေပွဲစဉ်(၁၁)အဖြစ် ဘရက်စီယာနှင့် အေစီမီလန်တို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် အေစီမီလန်မှ ဆီးဒါဖ့်(ယာ)ထိုးဖောက်ကစားမှုကို ဘရက်စီယာမှ ဒီဘီရာရိုင်ရီ ဟန့်တားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## အေစီမီလန်သရေကျ၊ ရိုးမားတို့ ဂိုးပြတ်ရှုံး ဂျူဗင်းတပ်တို့ကံပေးမ၍အနိုင်ရ

**ရောမ နိုဝင်ဘာ ၁၁**

အီတလီစီးရီးအေပွဲစဉ် ၁၁ကို နိုဝင်ဘာ ၁၀ရက်က ဆက်လက်ကျင်းပရာ ဂျူဗင်းတပ်မှ လွဲ၍ ကျန်အသင်းကြီးများဖြစ်သော အေစီမီလန်၊ အင်တာမီလန်တို့ သရေပွဲများ ဖြစ်ခဲ့ကြပြီး လာဇီယိုနှင့် ရိုးမားတို့လည်း ရှုံးပွဲနှင့် ကြုံခဲ့ကြရသည်။

### ဘရက်စီယာနှင့် အေစီမီလန်

ဘရက်စီယာကွင်း မာရီရိုရီဂါမွန်တီ၌ ကစားရာ အေစီမီလန်တို့ အဝေးကွင်း၌ ငါးပွဲကစားခဲ့ရာ လေးပွဲအနိုင်ရခဲ့ပြီးမှ ယခုပွဲသရေဖြစ်ခဲ့ရခြင်းဖြစ်သည်။ အေစီမီလန်က ခရက်စပို၊ ဆီးဒေါ့ဖ်၊ ပီယာလို၊ ကာကာနှင့် မာဒီနီတို့ လူစုံထုတ်ကစားခဲ့သော်လည်း ဘရက်စီယာကို ပွဲချိန်ပြီးသည်အထိ ဂိုးမသွင်းနိုင်ချေ။ ပွဲချိန် ၈၇မိနစ်တွင် ဘရက်စီယာအလယ်တန်းကစားသမား ဘီယာရိုင်အို အနီကတ်ပြအထုတ်ခံရပြီး ဘရက်စီယာတို့ ၁၀ဦးတည်းနှင့် ကစားခဲ့ရသည်။ အေစီမီလန် ယခုပွဲသရေဖြစ်ခဲ့သဖြင့် ၁၁ပွဲကစား ၂၂မှတ်ဖြင့်ဒုတိယနေရာ၌ပင် ရှိနေသည်။

### ဂျူဗင်းတပ်နှင့် ဖီအိုရင်တီနား

ဂျူဗင်းတပ်တို့ အိမ်ကွင်း၌ နိုင်ပွဲရအောင် အသည်းအသန် ကြိုးစားခဲ့ရသည်။ ဂျူဗင်းတပ်တို့အိမ်ကွင်းရှုံးပွဲမရှိသေးရာ အိမ်ကွင်း၌ ခြောက်ပွဲကစား ငါးပွဲနိုင်၊ တစ်ပွဲသရေဟူသော ရလဒ်ရှိနေသည်။ ပွဲချိန်တစ်လျှောက်လုံး ဂျူဗင်းတပ်တို့ ဖိကစားနိုင်ပြီး အီဘရာဟင်မိုဗစ်၊ ဒယ်ပီယာရို၊ ဇမ်ဘရော့တာနှင့် နက်ဗတ်တို့ ဂိုးမသွင်းနိုင်ဘဲပွဲချိန် ၇၂ မိနစ်တွင် အစားဝင်လာသူ ရူဗင်အိုလီဗီရာ က တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

ကံပေးမ၍ အနိုင်ရခဲ့သော ဂျူဗင်းတပ်တို့ ၁၁ပွဲကစား ကိုးပွဲနိုင်၊ တစ်ပွဲ သရေ၊ တစ်ပွဲရှုံး ၂၈မှတ်ဖြင့် ထိပ်ဆုံးတွင်ရှိနေသည်။

### အင်တာမီလန်နှင့်ဘိုလော့နာ

ယခုနှစ်တွင် အိမ်ကွင်းရလဒ်မကောင်းသော အင်တာမီလန်တို့ လေးပွဲမြောက်သရေပွဲဖြစ်ခဲ့ရပြန်သည်။ ယခုအချိန်ထိ အိမ်ကွင်းငါးပွဲကစားခဲ့ပြီးချိန်တွင် တစ်ပွဲသာနိုင်ပြီး လေးပွဲ သရေကျထားသော အင်တာမီလန်အတွက် ပွဲချိန် ၃၉မိနစ်တွင် မီဟာဂျေလိုဗစ်ကတစ်ဂိုး၊ ပွဲချိန် ၇၂မိနစ် တွင် အက်ဒရီရာဒိုက တစ်ဂိုး သွင်းယူပေးပြီး ဘိုလော့နာအတွက် ပက်ဒရူဇီက ပွဲချိန် ၄၉မိနစ်တွင် တစ်ဂိုး၊ ပွဲချိန် ၈၇မိနစ်တွင် ဘယ်လူဆီက တစ်ဂိုး ချေပဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့ရသည်။

### ရိုးမားနှင့်အူဒီးနီစ်

ခြေစွမ်းကျဆင်းနေသော ရိုးမားတို့ကို ယခုနှစ် ခြေစွမ်းထက်မြက်ပြီး နိုင်ပွဲဆက်နေသည့် အူဒီးနီစ်တို့က အဝေးကွင်းမှာပင် သုံးဂိုး သွင်းပြီး ရိုးမားတို့ကို ပညာပေးခဲ့ပြန်ပြီဖြစ်သည်။ အူဒီးနီစ်အတွက် ပွဲချိန် ၄၅ မိနစ်တွင် အီရာကျူးတာက တစ်ဂိုး၊ ပွဲချိန် ၆၀မိနစ်တွင် ဒေးဗစ်ပီဇာလိုက တစ်ဂိုးနှင့် ပွဲချိန် ၈၂ မိနစ်တွင် ဗင်ဆင်ဇိုးအီရာကျူးတာကပင် တစ်ဂိုး ထပ်မံသွင်းပြီး သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ပွဲချိန် ၅၉မိနစ်တွင် ရိုးမားမှလူဂီဆာတာ အနီကတ်ပြ အထုတ်ခံရပြီး ရှုံးပွဲနှင့်လည်း ကြုံခဲ့ရသဖြင့် တန်းစီဇယား၌ ၁၁ပွဲကစား ၁၃မှတ်ဖြင့် အဆင့် ၁၃တွင် ရှိနေပြီး အူဒီးနီစ်က ၁၁ပွဲကစား ၁၈မှတ်ဖြင့် တတိယနေရာတွင် ရှိနေသည်။

### အခြားပွဲများ

| | | | |
|---|---|---|---|
| ချီယေးဗို | ၁ | - ၀ | အတ္တလန္တာ |
| လီဗော်နို | ၁ | - ၀ | လာဇီယို |
| ပါးမား | ၁ | - ၀ | ရက်ဂျီးနား |
| ဆီနာ | ၁ | - ၁ | လက်ချီ |

**(အင်တာနက်)**

## ကြီးကြပ်ဆောင်ရွက်

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့ မူဆယ်မြို့ ရေပေးရေးလုပ်ငန်း ရေဝေကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေပေးဝေမှု အခြေအနေကိုနိုဝင်ဘာ ၁ ရက်က ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

## မော်လမြိုင်မြို့ စိတ္တသုခအထက်ကျောင်းတွင် စုပေါင်းဘုံကထိန် အလှူပွဲကျင်းပမည်

**မော်လမြိုင် နိုဝင်ဘာ ၄**

မော်လမြိုင်မြို့ လှိုင်နယ်မြေ စိတ္တသုခအထက်ကျောင်းတိုက်တွင် ပထမအကြိမ် စုပေါင်းဘုံကထိန်အလှူတော် မင်္ဂလာကို နှစ်ဖက်သော မိဘများအား အမှူးထား၍ မော်လမြိုင်မြို့ ရွှေနတ်တောင်နေ အလှူရှင် ဦးမြင့်ကျော်–ဒေါ်ဆင့်ဆင့်၊ သား အောင်သူဟိန်း၊ ပြည့်ဖြိုးကျော်၊ပြည့်ဖြိုးအောင် မိသားစုတို့က မတည်၍ ယင်းကျောင်းတိုက်တွင် စုပေါင်းဘုံကထိန် အလှူတော်ကို နိုဝင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(၁၆၈)**



## သုံးခွမြို့နယ် ရဲမေတ္တာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**သုံးခွ နိုဝင်ဘာ ၂**

သုံးခွမြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရဲမေတ္တာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကိုအောက်တိုဘာ ၁၉ရက်က မြို့နယ်ရဲစခန်းအတွင်း၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် ဒုတိယရဲမှူးကြီးဆယ်မောင် တက်ရောက်ဖွင့်လှစ်သည်။

အဆိုပါဖွင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ရွှေနှင့် ဝန်ထမ်းများက စာကြည့်တိုက်မွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်ကြသည်။

အဆိုပါ စာကြည့်တိုက်တွင် နေ့စဉ်စာဖတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)



## ပန်းအလှစိုက်ပျိုး

**တောင်ငူမြို့ ကန်တော်ကြီး ပျိုးဥယျာဉ်အတွင်း ပျိုးပင်သုံးသိန်းပြည့်မီရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ အောက်တိုဘာ ၁၆ရက်က ပျိုးထုပ်များ ထုပ်ခြင်းနှင့် ပန်းအလှပင်များ စိုက်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။** (က–ပ)



## ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်း သင်တန်းဖွင့်

**တောင်ကြီး နိုဝင်ဘာ ၃**

ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန၏ ပြည်နယ်အဆင့်အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်း သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၈ ရက်က တောင်ကြီးမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

### အမှာစကား

အခမ်းအနားတွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းခမ်းလှိုင်နှင့် ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးစီမံချက်မှ လက်ထောက် စီမံချက်မန်နေဂျာဒေါက်တာရဲသီဟတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ကိုးလမှ ငါးနှစ်အတွင်းရှိ ကလေးပေါင်း ၂၂၇၈၈၀ အား အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်းများကို နိုဝင်ဘာ ၁၄ ရက်မှ၂၀ရက်အထိ ဆောင်ရွက်ပေးကြမည်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

## ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် စီမံချက်

**ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၈ရက်က မြို့မဈေးရှေ့ ပလက်ဖောင်းခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာဦးမျိုးလှိုင်တို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



## နေပြည်တော်

## ဓနုဖြူမြို့နယ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်နှင့် ဂျာနယ်မျိုးစုံလှူဒါန်း

**ဓနုဖြူ နိုဝင်ဘာ ၆**

ဓနုဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်ထားသည့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် လှူဒါန်းပွဲကို အောက်တိုဘာ ၂၉ရက်က ကျင်းပသည်။

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသော ကျားဆေးလိပ်ခုံပိုင်ရှင် ဦးကျော်မြင့်– ဒေါ်မြင့်သိန်း၊ သမီး မခိုင်ခိုင်ဝင်း၊ မမြတ်သန္တာအေး မိသားစုက မဂ္ဂဇင်းစာအုပ်မျိုးစုံ၃၀၀၊ ဦးကြည်အေးပွဲရုံပိုင်ရှင် ဦးသိန်းနွယ်–ဒေါ်စန်းစန်းမြင့်မိသားစုက ဂျာနယ်အစောင်မျိုးစုံ ၂၅၀၀၊ ရွှေဝါဖူးကားပိုင်ရှင် ဒေါ်ဟန်မိသားစုက ဂျာနယ်အစောင်မျိုးစုံ ၂၅၀၊ အောင်သူရိန် စာအုပ်ဆိုင်ပိုင်ရှင် ဦးသိန်းဝင်းကရုပ်ပြကာတွန်းအုပ် ၅၄၀ တို့အား ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူးဒေါ်သိန်းချစ်က လက်ခံရယူသည်။

အလှူရှင်များလှူဒါန်းသော မဂ္ဂဇင်း၊ ဂျာနယ်နှင့်ရုပ်ပြစာအုပ်များ၏ စုစုပေါင်းတန်ဖိုးမှာ ကျပ်သုံးသိန်းကျော်ဖြစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

## အမြို့မြို့ အနယ်နယ် သတင်းများ



**မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိတ္ထီလာကန်အတွင်း ရေဆိုးစွန့်ထုတ်မှုကို စနစ်တကျစီမံဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၅ရက်က ရေဆိုးမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက်အဖွဲ့ပိုင် စက်ယန္တရားများဖြင့် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည်စိုးနှင့် အင်ဂျင်နီယာမှူး ဦးဆန်းဝင်းတို့ ကြီးကြပ်ပေးကြစဉ်။** (မြို့နယ်စည်ပင်)

## (၉၉)ကြိမ်မြောက်သွေးလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၁**



မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးစိုးရှိန် (မောင်စိုးထိုက်–သုံးဆယ်)(လူမှုထူးချွန်တတိယဆင့်)**(ယာပုံ)**သည် တပ်မတော်ဆေးရုံတွင် နိုဝင်ဘာ၃ရက်က (၉၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**



**အောက်တိုဘာ ၁၅ ရက်က မြဝတီမြို့ အမှတ်(၁)ရပ်ကွက် စကားဝါလမ်းတစ်လျှောက် ရပ်ကွက်ပြည်သူများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးလှပိုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းတို့ ကြည့်ရှုစစ်ဆေး ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ်စည်ပင်)

**ပုသိမ်မြို့ အမှတ် (၅) နယ်မြေ မရမ်းချုံလမ်းနေ ဦးသန်းဦး–ဒေါ်စိုးစိုးရီ၊ သမီး ဆုရတနာ (ခိုင်ရွှေစင်ရေလုပ်ငန်းကုမ္ပဏီ)မိသားစုက ရပ်ကွက် အသီးသီးမှ ကလေးငယ်များ အောက်တိုဘာ ၂၇ရက်မှ ၂၉ရက်အထိ စတုဒိသာ ကျွေးမွေးလှူဒါန်းကြစဉ်။** (က–ပ)



## မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

မိတ္ထီလာမြို့နေ ဗိုလ်မှူးချုပ် တင်ဦးလွင်–ဒေါ်မေမြင့်မောင်တို့၏ သားတပည့်
မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ သုံးပင်တောင်ရပ်နေ
(ဦးလှအောင်)–ဒေါ်ကြင်လှ တို့၏သား
**ဗိုလ်ကြီးစောလွင်** B.A (History)
နှင့်
မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ သုံးပင်မြောက်ရပ် လမ်းမတော်လမ်းနေ
ဦးအောင်ရွှေ(အထက်တန်းကျောင်းအုပ်–ငြိမ်း)–ဒေါ်ခင်ငွေးကြူ
(အလပြ–ငြိမ်း)တို့၏သမီးကြီး
**မသီသီအောင်** B.A (History)(အလယ်တန်းပြ၊အထက–ဆင်ဖြူကျွန်း)

တို့၏ ၄–၁၁–၂၀၀၄ ရက်တွင် ဆင်ဖြူကျွန်းမြို့၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မိတ်ဆွေ အပေါင်းအသင်းများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သော မိဘများနှင့် ဗိုလ်ကြီးစောလွင်–မသီသီအောင်။**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးငွေသိန်း(လက်ထောက်အင်ဂျင်နီယာချုပ်၊ စက်ရုံမှူး၊ ပေါင်းလောင်းရေအား လျှပ်စစ်စက်ရုံ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)–
ဒေါ်သီသီအေး တို့၏သားကြီး
**ဗိုလ်ကြီးမင်းဇော်သိန်း**
B.E(E.P) (D.S.T.A), M.E (E.P) (Y.T.U)
နှင့်
မန္တလေးမြို့နေ ဒုတိယဗိုလ်မှူးကြီးသန်းစိုး(ဒု–စက်ရုံမှူး၊ အမှတ်(၁) တပ်မတော်အကြီးစားစက်ရုံ)–ဒေါ်ခင်အုန်းရီ(ခ)ဒေါ်ဝါဝါတို့၏သမီး
**မမိုးဝါဝါသန်း**
B.C.Sc(Hon:)(U.C.S.M)

တို့သည် ၆–၁၁–၂၀၀၄ရက်(စနေနေ့)တွင် Sedona Hotel မန္တလေးမြို့၌ နှစ်ဖက်သော မိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးမင်းဇော်သိန်း–မမိုးဝါဝါသန်း။**

FAME
TINOFLAM®





## သီတင်းကျွတ်အကြိုအရောင်းပွဲတော်

**( 16 . 10 . 2004 မှ 16 . 11 . 2004 )** အတွင်း

**"ယုဇနတောက်လုပ်ရေးအဖွဲ့၏မွန်မြတ်သောစေတနာ"**

(လူတိုင်း လူတိုင်း ပိုင်ဆိုင်နိုင်ရန်)

- အဆင်သင့်နေနိုင်သည့် တိုက်ခန်းသစ်များ ၊ တည်ဆောက်ဆဲတိုက်ခန်းများ ၊ ဆိုင်ခန်းများ ၊ မြေကွက်များ
- လှိုင်မြို့နယ် ၊ ကမာရွတ်မြို့နယ် ၊ သုဝဏ္ဏမြို့နယ် ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ ဒဂုံဆိပ်ကမ်းမြို့နယ် ၊ ဒဂုံတောင် /မြောက်မြို့နယ်
- တိုက်ခန်းမျိုးစုံ ၊ အထပ်စုံ ၊ အရွယ်စုံ HALL TYPE, ROOM TYPE
- လူနေခန်းသဲလုပ်လုပ် ၊ ရုံးခန်းသဲလုပ်လုပ် ၊ စီးပွားရေးပဲလုပ်လုပ် ၊ ကြိုက်တာလုပ်နိုင်သည့် အခန်းများ

*ပွဲတော်ကာလအတွင်း ၂၀% မှ ၃၀% အထိလျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်*

*အမြတ်ခွန် ကို ဝယ်ယူသူမှ ပေးရန်မလိုပါ၊ ရောင်းချသူမှ ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းပါမည်*

*တိုက်ခန်းတန်ဖိုး အနည်းဆုံး ကျပ် ( ၂၄ ) သိန်းဖြစ်ပါတယ်*

*အနယ်နယ် အရပ်ရပ်မှ စဉ်ဆက်မပြတ် ဝယ်ယူအားပေးသူအားလုံးကို အထူးကျေးဇူးတင်လျက်ရှိပါကြောင်း။*

အရောင်းဌာန – ယုဇနစင်တာ (ရုံးချုပ်) ၊ တတိယထပ် ၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း ၊ ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း – ၅၄၀၇၄၅ ၊ ၅၄၀၇၄၆ ၊ ၅၄၀၇၄၇ ။

# ကမ္ဘာတစ်လွှားဖြစ်ပေါ်နေသောသာဓကများအရ တပ်မတော်အင်အားရှိမှတိုင်းပြည်အင်အားရှိမည် ပြည်တွင်းပြည်ပအဖျက်ရန်စွယ်မှန်သမျှ တွန်းလှန်ချေမှုန်းနိုင်ရေး ပြည့်အင်အားသည်ပြည်တွင်းမှာပင်ရှိသည် အမိနိုင်ငံတော်၏ဝေဟင်ပိုင်နက်ကို စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်

ရန်ကုန် နိုဝင်ဘာ ၁၁

တပ်မတော်(လေ) လေကြောင်းအတတ်သင်လေတပ်စခန်း အမှတ်(၁) လေယာဉ်မောင်းသင်တန်း၏ အမှတ်စဉ်(၆၆) လေယာဉ်မောင်းသင်တန်း သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲတွင် မိတ္ထီလာမြို့ ရှမ်းတဲရှိ လေကြောင်းအတတ်သင်လေတပ်စခန်း စစ်ရေးပြကွင်း၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ **စာမျက်နှာ ၈ ကော်လံ ၁ ✳**



ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီး မြတ်ဟိန်း တပ်မတော်(လေ) လေကြောင်း အတတ်သင် လေတပ်စခန်း အမှတ်(၁) လေယာဉ်မောင်း သင်တန်း အမှတ်စဉ်(၆၆) လေယာဉ်မောင်း သင်တန်းဆင်းအခမ်းအနားတွင် စာပေထူးချွန်ဆုရ ဗိုလ်အောင်အောင်အား ထူးချွန်ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

## နှစ်(၆၀)ပြည့်တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေး တိုင်းမှူးမှာကြား

ရန်ကုန် နိုဝင်ဘာ ၁၁

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ ပထမအကြိမ်ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမဆောင်၌ ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး **စာမျက်နှာ ၁၁ ကော်လံ ၁ ☆**




## ကျောက်တံခါးရေလှောင်တမံ

**မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးရွာအနီးရှိ ကျောက်တံခါးရေလှောင်တမံသည် ကြက်မောက်တောင်ဆည် ရေကူပေးရေးအတွက် ကျောက်တံခါးချောင်းနှင့် တောင်ဦးချောင်းမှ ရေကို ရေလှောင်တမံတည်ဆောက်စုဆောင်းပြီး တောင်ရေ ရေလှောင်တမံသို့ ပို့ပေးကာ ထိုမှတစ်ဆင့် တူးမြောင်းဖြင့် ကြက်မောက်တောင်ဆည်သို့ ရေကူပေးပို့ရန် ရည်ရွယ်တည်ဆောက်ထားသည်။ ထို့အပြင် နတ်မောက်မြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧက၇၅၀ကိုလည်း စိုက်ပျိုးရေပေးဝေနိုင်မည့် ရေလှောင်တမံဖြစ်သည်။**

(ဝဲပုံမှာ ကျောက်တံခါးရေလှောင်တမံ၏ သံကူကွန်ကရစ်ရေပိုလွှဲကို ဤသို့တွေ့ရသည်။) **(သတင်း-၉)**

**ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)**

**မြန်မာ့အလင်း**

**ခေါင်းကြီး ဆောင်းပါး သတင်းအညွှန်း**

"နိုင်ငံတော်အစိုးရက ပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်လိုအပ်သည့် အားပေးမှု၊ အထောက်အကူပြုမှု အခြေအနေကောင်းများ ဖန်တီးပေးနေချိန်တွင် ဒေသခံပြည်သူများက ဖန်တီးပေးထားသော အခြေအနေကောင်းများကို ထိထိရောက်ရောက် အသုံးချပြီး ဒေသဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်နှင့်လက်တွဲ၍ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်"

**ခေါင်းကြီး(စာ-၂)**

"သဲကုန်းမြို့နယ်ရှိ ရွှေကျွန်းတော သစ်တောကြိုးဝိုင်း ၂၅၄ဧကတွင် ၁၉၆၅ခုနှစ်မှ ၁၉၇၁ခုနှစ်အထိ တည်ထောင်ခဲ့သော ကျွန်းစိုက်ခင်း ၁၄၇ဧကသည် ရန်ကုန်-ပြည်ကားလမ်းဘေး ပျားစည်ရွာအနီးတွင် တည်ရှိပြီး ကျွန်းစိုက်ခင်း၏အောင်မြင်ဖြစ်ထွန်းမှုကို ခရီးသွားရင်း ကြည့်ရှုခံစားနိုင်သည်။ "

**ဗျူဟာ(သစ်တော)၏ဆောင်းပါး(စာ-၁၀)**

**"နိုဝင်ဘာ ၁၀ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၄၉ ဦး ရှိသွားပြီ"**

နိုင်ငံတကာသတင်း(စာ-၅)

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

### လူသားစက်ရုပ်

နာဆာသိပ္ပံပညာရှင်တစ်ဦးက တီထွင်ပြုလုပ်ထားသော လူသားပုံစက်ရုပ်တစ်ခုကိုတွေ့ရစဉ်။ **(အောက်ပုံ)**

နာဆာသိပ္ပံပညာရှင်တစ်ဦးဖြစ်သည့် ဒေါက်တာမက်ဒဗလျူတယ်လ်ဒင်က တီထွင်ထုတ်လုပ်ထားသော သိပ္ပံနည်း ပညာသုံးရုပ်သွင်ဖန်တီးမှုဖြင့် ပြုလုပ်ထားသည့် စက်ရုပ်သည် လူသားတစ်ဦးကဲ့သို့ လမ်းလျှောက်နိုင်ခြင်း၊ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းအပြင် အခြားအိမ်တွင်းကိစ္စရပ်များကိုလည်း လူသားတစ်ဦးကဲ့သို့ ပြုလုပ်နိုင် ကြောင်းသိရသည်။ **အေအက်ဖ်ပီ။**





### ရှားပါးငှက်မျိုးစိတ်

ရစ်မျိုးနွယ်ဝင် ရှားပါးငှက်နှစ်ကောင်ကို တွေ့ရစဉ်။ **(အပေါ်ပုံ)**

အဆိုပါ ရစ်မျိုးနွယ်ဝင် ငှက်များသည် ဂျော်ဒန်နိုင်ငံရှိ ဂါဖီးလ်ဒေသတွင်သာတွေ့ရှိရပြီး ကမ္ဘာပေါ်တွင်ရှိသော ရစ်မျိုးငှက်စာရင်းဝင် များစွာအတွင်းမှ အလွန်ရှားပါးပြီး တွေ့ရခဲသည့် ငှက်အမျိုးအစားဖြစ်သည်။ ကောင်ရေအနည်းငယ်သာရှိသော ၎င်းရှားပါးငှက်များမျိုးသုဉ်းမပျောက်ကွယ်ရန် ဂျော်ဒန်အစိုးရက ကာကွယ်တားဆီးမှုများ ပြုလုပ်လျက်ရှိသည်။ **အေပီ။**